# ကြေးမုံ
# The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (6-1-2007) (၅၁၉၄)


နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ကမ္ဘောဒီးယား**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် သီဟာမိုနီထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်းအတွင်းရှိ ရေအားလျှပ်စစ်စီမံကိန်းများစစ်ဆေး ရန်ကုန်–မန္တလေးလမ်းမကြီး တိုးချဲ့အဆင့်မြှင့်တင်မှုလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၅

**ပဲခူးတိုင်း ရွှေကျင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် ရွှေကျင်တပ်နယ် မြဝတီခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ရွှေကျင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရွှေကျင်မြို့နယ်သည် မိုးစပါးနှင့် ပဲကို လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်နိုင်ပြီး ဆန်နှင့်ဆီ ဖူလုံမှုရှိသည်ကိုတွေ့ရကြောင်း၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ အထွက်နှုန်းကို ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ ရွှေကျင်မြို့နယ်သည် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်ရာ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရန်နှင့် ဌာနဆိုင်ရာအပြင် တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ပိုမိုစိုက်ပျိုးနိုင်စေရန် တာဝန်ရှိသူများက စိုက်ပျိုးမြေ၊ မျိုးကောင်းမျိုးသန့်နှင့် နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ ဒေသကြက်များကို အိမ်တိုင်းမွေးမြူခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိပြီး စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ပေးသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိမိဝန်ကြီးဌာနလုပ်ငန်းများအပြင် နိုင်ငံတော်က ချမှတ်ပေးထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက်ပါ ဒေသခံများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဝမ်ကြည်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ✳

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၆–၁–၂၀၀၇
(စနေနေ့)

# တတ်ကျွမ်းသည့်ပညာရပ်ဖြင့် ပြည်သူ့အကျိုးပြု မွန်မြတ်သောသူနာပြုများဖြစ်ရေးကြိုးပမ်း

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုပိုင်နက်ကို ကာကွယ်စောင့်ရှောက် နေကြသည့် စစ်သည်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ခံအားကောင်းမွန်ရေးတို့အတွက် ပြုစုစောင့်ရှောက် ပေးလျက်ရှိသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါ ဆေးဘက်ပညာတက္ကသိုလ်က ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေသည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များကို မွေးထုတ်ပေးလျက်ရှိသည်။

သူနာပြုလုပ်ငန်းသည် ကရုဏာတရားကြီးမားပြီး ကြင်နာမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ စေတနာထက်သန်မှု၊ စိတ်ထားမွန်မြတ်မှုနှင့် အပင်ပန်းအဆင်းရဲ ခံနိုင်မှုရှိသူများသာ ထမ်းဆောင်နိုင်သည့် တာဝန်မျိုးဖြစ်သည်။ ရောဂါတားဆီး ကာကွယ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါနှိမ်နင်းခြင်း၊ ပြုစုကုသခြင်းနှင့် ဝေဒနာရှင်များအား မူလအခြေအနေသို့ ရောက်ရှိရေး ပြန်လည်ထူထောင်ပေးခြင်း လုပ်ငန်းများတွင် သူနာပြုများ၏ ပါဝင်မှုအခန်းကဏ္ဍသည် အရေးပါလျက်ရှိပေသည်။

သင်တန်းဆင်း သူနာပြုစစ်သည်များသည် ထိခိုက်ဒဏ်ရာရသူများအား စစ်မြေပြင်တွင်ပြုစုရခြင်း၊ ကျန်းမာရေးအတွက် ပြန်လည်ထူထောင်ရာတွင် ဆက်လက်ပြုစု ကုသရခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရသည်ဖြစ်ရာ ရဲဝံ့စွန့်စားသော စိတ်ဓာတ်အပြည့်အဝရှိကြရမည်ဖြစ်သည်။

ထို့အပြင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင် သူနာပြုသိပ္ပံဘွဲ့သာမက ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့နှင့် ရောဂါရှာဖွေရေးပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသမှုပညာ စသည့် ဆေးဘက်ပညာသိပ္ပံဘွဲ့များကို သင်ကြားပို့ချပေးလျက်ရှိရာ မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်၍ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်း စစ်သည်များအနေဖြင့် ကျွမ်းကျင်ကူညီ ဆေးစစ်သည်များပီပီ တပ်မတော်သားကောင်းဘဝကိုခံယူပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် မွန်မြတ်သော သူနာပြုများဖြစ်ရေး ကြိုးပမ်းအားထုတ်ရင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးတင်ငွေ၏ (၆၁)နှစ်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးတင်ငွေ–ဇနီးဒေါ်ရီရီသန့်နှင့်သား၊ သမီးမြေးမြစ်သားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော် အရှင်ဇနက (ထီးချိုင့်)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ခန္တီ၊ သစ္စာ၊ သာသနာ ဆီမီး ၉၀၀၀ အဖွဲ့၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၂၉)ကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ထို့နောက် ဇန်နဝါရီ ၁ ရက် နံနက် ၃ နာရီမှစ၍ သံဃာတော်များ၊ ဆီမီး ၉၀၀၀ အဖွဲ့ဝင်များနှင့် ဘုရားဖူးများက ဆွမ်းပွဲ ၉၀၀၀၊ ရေချမ်း ၉၀၀၀၊ ပန်း ၉၀၀၀ နှင့် သစ်သီး ၁၀၈ ပွဲတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရွှေသင်္ကန်းအလှူငွေကျပ် ၁၂၀၀၀၀၀၊ ရေသွယ်တန်းရေးအလှူငွေကျပ် ၃၀၀၀၀၀၊ လျှပ်စစ်မီးအလှူငွေကျပ် ၃၀၀၀၀၀၊ ဆီမီး ၉၀၀၀ ဓမ္မာရုံကြီး ဘက်စုံပြုပြင်ရန် အလှူငွေကျပ် ၃၀၀၀၀၀ နှင့် ရင်ပြင်တော်ကျောင်းပြုပြင်ရန် အလှူငွေကျပ် ၂၀၀၀၀၀ တို့ကို လှူဒါန်း၍ ကျိုက်ထီးရိုးတောင်ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ကျောင်းအတွက် သင်္ကန်း၊ ဆွမ်းဆန်၊ ဆီ၊ ပဲနှင့် အခြားလှူဖွယ်ပစ္စည်းများအတွက် အလှူငွေကျပ် ၁၈သိန်းခန့်တို့ကို လှူဒါန်းကာ ညပိုင်းတွင် ဘုရားပေါ်၌ ဆီမီးများ ထွန်းညှိပူဇော်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဇန်နဝါရီ ၅**

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန |
|---|---|
| (က) ဦးမောင်မောင်ဦး | ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) ဦးမောင်မောင်ငြိမ်း | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာနီလာသိန်း | ပါမောက္ခချုပ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဃ) ဒေါက်တာမြဦး | ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာ၌ ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြမြင့်သူ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၉ရက်တွင် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျောက်မျက် ကျေးရွာ တောင်ရင်းကျောင်းတိုက်၌ ကျောက်မျက်ကျေးရွာရှိ သက်ကြီးဘိုးဘွား ၅၂ ဦးတို့အား ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ငွေနှင့်ဆေးပစ္စည်း၊ စောင်များကို လှူဒါန်းကန်တော့ခဲ့ကြသည်။**

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မျက်ကျေးရွာအုပ်စုရှိ အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲ ခေါင်းဆောင် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက HIV/AIDS ရောဂါအကြောင်းနှင့် တားဆီးကာကွယ်ခြင်းတို့ကိုလည်းကောင်း၊ ရဲအုပ်ရီရီသန်းက လူကုန်ကူးမှုနှင့်ပတ်သက်၍ ဖြစ်မှုနှင့် ဖြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက ကျောက်မျက်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာ ဝတ်စုံများကို ထောက်ပံ့ပေးအပ်ပြီး ကျောက်မျက်ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးထံ ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၃၅၀ ကို ပေးအပ်သည့်အတွက် ယင်းကျောက်မျက်ကျေးရွာရှိ အမျိုးသမီးများသည် ရာနှုန်းပြည့် အမျိုးသမီးရေးရာအဖွဲ့ဝင်ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက ကျောက်မျက်ကျေးရွာ အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးအား အသိအမှတ်ပြု ကတ်ပြားနှင့်ရင်ထိုးတံဆိပ်များကိုပေးအပ်ပြီး ကျောက်မျက်ကျေးရွာရှိ အိမ်ခြေ ၁၃၀ သို့ အိုင်အိုဒင်းဆားအထုပ် ၁၃၀ နှင့် မှန်ချိုဆေးဘူးများကို ပေးအပ်လှူဒါန်းကာ ကျေးရွာရှိ အမျိုးသမီးများအား စကားဝိုင်းများဖြင့် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာန ကြီးမှူးသည် ကျောက်မျက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူ ၆၂ ဦးတို့အား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဟောပြော

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး ဆားလင်းကြီး မြို့နယ် ကျောက်မျက် ကျေးရွာရှိ အမျိုးသမီးများအား အသိပညာပေးဟောပြောစဉ်။** (သတင်းစဉ်)

# တရုတ်နိုင်ငံထုတ် ခရီးသည်တင်လေယာဉ်ခုနစ်စင်း ပြည်ပလေးနိုင်ငံသို့ ၂၀၀၆ခုနှစ်က ရောင်းချခဲ့

စီအန် ဇန်နဝါရီ ၅

**တရုတ်နိုင်ငံက ထုတ်လုပ်သည့် စင်ဇူ ၆ဝအမည်ရှိ ခရီးသည်တင်လေယာဉ်ခုနစ်စင်းကို ပြည်ပနိုင်ငံ လေးနိုင်ငံသို့ ၂၀၀၆ ခုနှစ်အတွင်း ရောင်းချခဲ့ကြောင်း စီအန်လေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီက ယနေ့တွင် ပြောကြားသည်။**

ဖြန့်ဖြူးရောင်းချသည့် နိုင်ငံများမှာ ဇမ်ဘီယာ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ လာအိုနှင့် ဇင်ဘာဘွေနိုင်ငံတို့ ဖြစ်သည်။

လေယာဉ် ဝယ်ယူမည့် အမှာစာများကိုလည်း အာဖရိက၊ အာရှ၊ အမေရိကန်နှင့် သမုဒ္ဒရာတွင်းနိုင်ငံများမှ ရရှိထားသည်ဟု ယင်းကုမ္ပဏီက ပြောကြားသည်။

ယင်းလေယာဉ်သည် ပန်ကာတပ်တာဘိုဂျက်ဖြင့် မောင်းနှင်သောလေယာဉ်ဖြစ်ပြီး ခရီးသည် ၅၀ မှ ၆၀ အထိ တင်ဆောင်နိုင်သည်။ ယင်းလေယာဉ်ကို ယွမ်သန်း ၁၀၀ခန့် (အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၅ သန်းခန့်) ဖြင့် ရောင်းချကြောင်း ဖော်ပြပါ ကုမ္ပဏီက ပြောကြားသည်။

ယင်းလေယာဉ်သည် လုံခြုံမှုနှင့် သက်သောင့်သက်သာရှိပြီး ပြုပြင်ထိန်းသိမ်းမှု အဆင့်ကောင်းမွန်ကာ အခြားလေယာဉ်များထက် ဈေးနှုန်း ၁၀ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ သက်သာသည်ဟု ဆိုသည်။

ဇင်ဘာဘွေနိုင်ငံသည် ယင်းလေယာဉ်ဝယ်ယူသည့် ပထမဆုံးနိုင်ငံဖြစ်ပြီး လေယာဉ် သုံးစင်းဝယ်ယူခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်နိုင်ငံ မဒရစ်မြို့ ဘာရာဂျာစ် လေဆိပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## ပြင်သစ်သတင်းစာမှ ဓာတ်ပုံသတင်းထောက် ဂါဇာတွင် ပြန်ပေးဆွဲခံရ

**ဂါဇာ ဇန်နဝါရီ ၅**

ဂါဇာကမ်းမြောင်တွင် ဇန်နဝါရီ ၁ ရက် ညနေပိုင်းက နိုင်ငံခြားသား ဓာတ်ပုံသတင်းထောက် တစ်ဦးကို အမည်မသိ သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံ သတင်းစာတိုက်မှ ဓာတ်ပုံသတင်းထောက် ဂျာမီရာဇူရီကို မျက်နှာဖုံးစွပ် လက်နက်ကိုင်များ အဖွဲ့က ၎င်းတို့၏ ကားအတွင်းသို့ အတင်းအဓမ္မ ခေါ်ဆောင်ကာမောင်းထွက်သွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**အင်ဒိုနီးရှားနိုင်ငံ၌ ပျက်ကျသွားသော အဒမ်လေကြောင်းလိုင်းပိုင်ဘိုးအင်း၇၃၇လေယာဉ်ကို ရှာဖွေရန် ပြင်ဆင်နေသော တပ်ဖွဲ့ဝင်များအား ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။**

*ဓာတ်ပုံ-အင်တာနက်)*

## တူရကီပို့ကုန်တန်ဖိုး မြင့်တက် ၂၀၀၆ ခုနှစ်တွင် ဒေါ်လာ ၈၅ဘီလီယံကျော်ရှိ

**အန်ကာရာ ဇန်နဝါရီ ၅**

တူရကီနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ၂၀၀၆ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၈၅ဒသမ ၈ဘီလီယံရှိကြောင်း အနာတိုလီယာ သတင်းဌာနက ဇန်နဝါရီ ၁ရက်တွင် ဖော်ပြသည်။

တူရကီနိုင်ငံသည် ပို့ကုန်အများအပြား တင်ပို့သည့် ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းမှ ရရှိရန် ရည်မှန်းထားသော အမေရိကန် ဒေါ်လာ ၇၉ ဘီလီယံထက် ၆ဒသမ ၈ဘီလီယံ ပိုမိုရရှိခဲ့ကြောင်း ပြည်နယ်ဝန်ကြီး ကူရဆတ်တူဇ်မင်၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

နိုင်ငံ၏ ပို့ကုန်လုပ်ငန်းဝင်ငွေမှာ ၂၀၀၆ခုနှစ်ဒီဇင်ဘာလတွင် အမေရိကန် ဒေါ်လာ ၈ဒသမ ၇ဘီလီယံရှိခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာလထက် ၁၉ဒသမ ၁၈ရာခိုင်နှုန်း မြင့်တက်လာကြောင်း တူရကီနိုင်ငံ ပို့ကုန်တင်ပို့သူများ အဖွဲ့က ကြေညာသည်။

မိမိတို့နိုင်ငံ၏ ပို့ကုန်လုပ်ငန်း အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ဂုဏ်ယူကြောင်း တူဇ်မင်က ပြောကြားသည်။ ပို့ကုန်လုပ်ငန်း အောင်မြင်မှုမှာ မိမိတို့အတွက် အနာဂတ်ကာလတွင် အကြီးမားဆုံးသော အာမခံချက်ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ်တွင် အောင်မြင်မှုရရှိခဲ့ခြင်းသည် ၂၀၀၇ ခုနှစ်တွင် အောင်မြင်မှု ရရှိရေးအတွက် အခြေခံဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်တွင်လည်း ပို့ကုန်လုပ်ငန်း ဆက်လက်အောင်မြင်နေဦးမည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အင်ဒိုနီးရှား လေယာဉ်ပျက်ကျ၍ လူ ၉၀သေဆုံး ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်ကြောင်း ပြောကြား

**ဂျကာတာ ဇန်နဝါရီ ၅**

အင်ဒိုနီးရှားနိုင်ငံမှ ဈေးနှုန်းချိုသာသည့် အဒမ်အဲယားလေကြောင်းဌာနမှ ဘိုးအင်း ၇၃၇-၄၀၀ လေယာဉ်တစ်စင်း ဆူလာဝေဆီပြည်နယ် အနောက်ပိုင်းဒေသတွင် ဇန်နဝါရီ ၁ရက်က ပျက်ကျခဲ့ပြီး လူ ၉၀ ထက်မနည်း သေဆုံးခဲ့သည်။ ယင်းလေယာဉ်ပျက်ကျမှုသည် ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်ကြောင်း အဆိုပါလေကြောင်းဌာနက အပြစ်တင် ပြောကြားလိုက်သည်။

မိမိတို့ လေကြောင်းဌာနတွင် ဝါရင့်လေယာဉ်မှူးများရှိပြီး လေယာဉ်များမှာလည်း ကောင်းမွန်ကာ လေယာဉ်ပျက်ကျမှုသည် ရာသီဥတုကြောင့်သာဖြစ်သည်ဟု အဆိုပါ လေကြောင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဆာပူထရာက ပြောကြားသည်။

ယင်းလေယာဉ်၏ စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးမှု ပြုလုပ်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လေယာဉ်သည် လာမည့် ၁၂နှစ်မတိုင်မီအထိ အသုံးပြုနိုင်သေးကြောင်း၎င်းကပြောကြားသည်။

မိမိလေကြောင်း ဌာနတွင် ဖော်ပြပါ လေယာဉ်အမျိုးအစား လေယာဉ်အစင်း ၂၀ရှိပြီး ယခင်က ယခုကဲ့သို့ ဆိုးရွားသည့် ပြဿနာများ ကြုံတွေ့ခဲ့ရခြင်းမရှိဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

**တင်ဆောင်**

ယင်းလေယာဉ်သည် ခရီးသည် ၁၀၂ ဦးနှင့် လေယာဉ် ဝန်ထမ်းခြောက်ဦး တင်ဆောင်လာခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံ နှစ်သစ်ကူးပွဲတော်နေ့တွင် ဖောက်အိုးနှင့် မီးကျည်မီးပန်း ပစ္စည်းများအား ရဲတပ်ဖွဲ့က သိမ်းဆည်းနေသည်ကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၅**

မည်သူမည်ဝါမှန်း မသိရသော အဖျက်သမားများ ထားခဲ့သည့် ဗုံးကြောင့် ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဒီရာဘတ်တီခရိုင်မှ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခုပေါက်ကွဲကြောင်း ဒေသခံသတင်းစာက ဖော်ပြသည်။

ဘလူချီစတန်ပြည်နယ်၏ မြို့တော်ကွက်တာမှ ကီလိုမီတာ ၂၅၀ ခန့်ဝေးကွာသည့် ဒီရာဘတ်တီခရိုင်ရှိ အထင်ကရ ဓာတ်ငွေ့ပိုက်လိုင်း၏ အစိတ်အပိုင်းတစ်ခု ပေါက်ကွဲသွားသဖြင့် ယင်းဒေသသို့ ဓာတ်ငွေ့ပို့လွှတ်မှု ပြတ်တောက်ခဲ့ရသည်ဟု သတင်းစာက တာဝန်ရှိ ပုဂ္ဂိုလ်များကို ကိုးကား၍ ဖော်ပြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ထိုင်းနိုင်ငံတွင် နှစ်သစ်ကူးကာလ၌ သေဆုံးသူ ၄၄၉ဦးရှိ ယခင်နှစ် နှစ်သစ်ကူးကာလထက် သေဆုံး၊ဒဏ်ရာရသူ ပိုမိုများပြား

ဗန်ကောက် ဇန်နဝါရီ ၄

နှစ်သစ်ကူးကာလ ပထမရက်သတ္တပတ်အတွင်း ထိုင်းနိုင်ငံတွင် အပျော်ကြူးသူများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားကာ လူ ၄၄၉ ဦး သေဆုံးခဲ့သည်။ ဇန်နဝါရီ ၂ရက် တစ်ရက်တည်းမှာပင် ယာဉ်တိုက်မှု စုစုပေါင်း ၅၀၉မှု ဖြစ်ပွားကာ ၅၆ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူ ၅၇၆ ဦးရှိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုများအနက် ၄၅ ရာခိုင်နှုန်းမှာ မူးယစ်သောက်စားယာဉ်မောင်းမှုကြောင့်ဖြစ်ပြီး ရာခိုင်နှုန်း ၂၀ ခန့်မှာ မဆင်မခြင် အရှိန်လွန်မောင်းနှင်မှုများကြောင့် ဖြစ်ကြောင်း သိရသည်။

နှစ်သစ်ကူးကာလဖြစ်သော ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃ရက်အထိ ထိုင်းနိုင်ငံ၌ ယာဉ်တိုက်မှုပေါင်း ၄၄၅၆ မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၄၄၉ ဦး၊ ဒဏ်ရာရရှိသူ ၄၉၄၃ ဦးရှိကြောင်းနှင့် ယခင်နှစ် နှစ်သစ်ကူးကာလထက် သေဆုံး၊ဒဏ်ရာရသူ ပိုမိုများပြားကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ၊ အိုင်တီပီ။***

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လွတ်လပ်သော နိုင်ငံသားတိုင်း၏တာဝန်

အောင်မိုးစံ

မြန်မာနိုင်ငံဟာ ဗြိတိသျှနယ်ချဲ့သမားရဲ့ ကိုလိုနီလက်အောက်ခံဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့ရဲ့ စိုးမိုးမှုအောက်သို့လည်း သုံးနှစ်သုံးမိုး ကျရောက်ခဲ့ရပါတယ်။ အဲဒီလို သူ့ကျွန်ဘဝ ကျရောက်ခဲ့တဲ့ မြန်မာပြည်ဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ သူ့ကျွန်မခံမျိုးချစ်ဇာတိမာန်နဲ့ လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်ကို ဆင်နွှဲခဲ့ကြပါတယ်။ သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့တဲ့ကာလအတွင်း နှစ်ပေါင်းတစ်ရာကျော် တိုက်ပွဲဝင်လာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့သမားတွေ အဓမ္မကျူးကျော် သိမ်းယူတဲ့အချိန်ကစပြီး မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဖြစ်ခဲ့ရတယ်။ နယ်ချဲ့သမားတွေဟာ မြန်မာနိုင်ငံမှာ သူတို့အလိုဆန္ဒအတိုင်း စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှု စတာတွေအားလုံးကို စီမံဆောင်ရွက်ခဲ့တယ်။ ဘယ်မြန်မာလူမျိုးတစ်ယောက်ကမျှ ပါဝင်ဆောင်ရွက်ခွင့်မရှိဘူး၊ ဒါပေမယ့် မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကိုတော့ အဲဒီနယ်ချဲ့သမားတွေ ဖျက်ဆီးနိုင်စွမ်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဆရာစံအရေးတော်ပုံ၊ ဒို့ဗမာအစည်းအရုံး၊ ၁၃၀၀ပြည့်အရေးတော်ပုံ၊ ရဲဘော်သုံးကျိပ်၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်(ဖတပလ)စတဲ့ အဖွဲ့အစည်းတွေဖွဲ့စည်း၊ ကြိုးပမ်းလှုပ်ရှားမှုတွေဆောင်ရွက်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲစဉ်အဆင့်ဆင့်ဆင်နွှဲခဲ့လို့ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ မှာလွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပါတယ်။ အခုလို လွတ်လပ်တဲ့နိုင်ငံနဲ့ လူမျိုးအဖြစ် ရပ်တည်လာနိုင်တာဟာ မျိုးချစ်စိတ်ကို အခြေခံတဲ့ အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးစွမ်းအားကြောင့်ဖြစ်တယ်။ အမျိုးသားနိုင်ငံရေးကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်ပေါ်ပြီး အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့တာဖြစ်တယ်။

လွတ်လပ်ရေးရလာတဲ့အခါ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကို ပြန်လည်ထူထောင်သွားရမယ့်အစား နယ်ချဲ့ရဲ့သွေးခွဲခဲ့မှုနဲ့ ပြည်ပရဲ့ သွေးထိုးမှုများကြောင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဝါဒဂိုဏ်းဂဏစွဲတွေ ပေါ်ပေါက်လာပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခမီး လောင်ကျွမ်းလာပြန်တယ်။ အဲဒီလို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဝါဒဂိုဏ်းဂဏစွဲတွေကြောင့် အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေး ပျက်ယွင်းလာတဲ့အတွက် လွတ်လပ်ရေးရခါစ ပါလီမန်ဒီမိုကရေစီစနစ်ဟာ ၁၄ နှစ်အတွင်း ချုပ်ငြိမ်းသွားခဲ့ရတယ်။

**အမျိုးသားနိုင်ငံရေးကို ထာဝစဉ် ဦးထိပ်ပန်ထားတဲ့ တပ်မတော်က လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လာခဲ့ရတယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှာ အာဏာရနိုင်ငံရေးပါတီအတွင်း ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ဘဲ အကြမ်းဖက်ဖြေရှင်းမယ့်အခြေအနေတွေ ပေါ်ပေါက်လာတဲ့အတွက် ၁၉၅၈ခုနှစ်မှာ ဖဆပလအစိုးရက တပ်မတော်ကို အိမ်စောင့်အစိုးရအဖြစ် အာဏာလွှဲခဲ့ရတယ်။ တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်ကို ဝင်ရောက်ထမ်းဆောင်ပြီး ရွေးကောက်ပွဲအသစ် ပြုလုပ်ပေးခဲ့တယ်။ ရွေးကောက်ပွဲမှာအနိုင်ရတဲ့ ပထစအစိုးရလက်ထက်မှာ ဖက်ဒရယ်မှုကို အကြောင်းပြုပြီး ပြည်ထောင်စုကြီးပြိုကွဲတော့မယ့် အန္တရာယ်နဲ့ကြုံလာတဲ့အတွက် တပ်မတော်က မလွှဲမရှောင်သာဘဲ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရပြန်ပါတယ်။ တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာကို မထိပါးရေးအတွက် ကာကွယ်လာခဲ့ရတာပဲဖြစ်တယ်။**

လမ်းစဉ်ပါတီအစိုးရခေတ် ၁၉၈၈ခုနှစ် အရေးအခင်းမှာလည်း မင်းမဲ့စရိုက်တွေ ကြီးစိုးလာပြီး သူတစ်လူငါတစ်မင်းနဲ့ တိုင်းပျက်ပြည်ပျက်လို အခြေအနေဆိုးတွေ ဖြစ်ပေါ်လာမှုအပေါ် ပြည်ပကဝင်ရောက်စွက်ဖက်လာတဲ့အတွက် တပ်မတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရပြန်တယ်။ ပြည်သူတို့လိုလားတဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့တယ်။

အဲဒီလို တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ပြီး နိုင်ငံတော်ကို ထူထောင်လာခဲ့တဲ့အတွက် ယခင်အစိုးရ အဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့ နိုင်ငံတစ်ဝန်း နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းစဉ် အဆင့်ဆင့် အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။




မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကိုယ်စားပြုလျက်ရှိသော အမျိုးသားညီလာခံကြီးက စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်နေပြီဖြစ်ပါတယ်။

ဒါပေမယ့် အနောက်နိုင်ငံကြီးအချို့နဲ့ သြဇာခံပြည်ပအားကိုးအဆိုးမြင်ဝါဒီများက နိုင်ငံထူထောင်ရေးလုပ်ငန်းမှန်သမျှကို အဆိုးမြင်သက်သက်နဲ့ ဆန့်ကျင်နေကြတယ်။ ဒါဟာ အနောက်ဆရာကြီးအလိုကျ အာဏာကို ဖြတ်လမ်းကရယူရေး ရည်မှန်းချက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံပြိုကွဲပျက်စီးအောင် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ၊ လူသားချင်းစာနာထောက်ထားသော အကူအညီ၊ နည်းပညာအကူအညီနဲ့ အတိုးနည်းချေးငွေ ဖြတ်တောက်မှုတွေသာမက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူအောင်အထိ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း လုပ်ကြံနေကြတာဖြစ်တယ်။

အခုလို အချိန်အခါမျိုးမှာ မြန်မာတစ်မျိုးသားလုံးအဖို့ မျိုးချစ်ဇာတိသွေး ဇာတိမာန်ကိုအခြေခံတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး စွမ်းအားဖြင့် ပြည်ပစွက်ဖက်မှု မှန်သမျှနဲ့ ပြည်ပသြဇာခံလုပ်ရပ်တွေကို ကာကွယ်တိုက်ဖျက်သွားကြဖို့ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ချွေး၊ သွေး အသက်ပေါင်းများစွာနဲ့ ပြန်လည်ရယူထားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲကာကွယ်သွားကြဖို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြေညာစာတမ်းကြီးမှာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ထားရှိမွေးမြူသွားကြဖို့အတွက် အခုလို ဖော်ပြထားတာတွေ့ရှိနိုင်ပါတယ်။

**“ဤငါတို့မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတ ပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်းဖြစ်၏။ မွန်မြတ်သန့်စင်သော တရားထူးတရားမြတ်တို့တည်ရာ မြေကောင်းမြေမွန်လည်းမှန်၏။ မြေတွင်းမြေပြင် အထူးထူးသော ရတနာအပေါင်းတို့နှင့် ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံးကမ္ဘာဆုံးသော်လည်း မသုဉ်းမကုန်နိုင်သော ပဒေသာစစ် အနှစ်သာရ ကြွယ်ဝပြည့်စုံသော မြေလည်းဖြစ်၏။ ဘူမိနက်သန်၊ မှန်လှထူးချွန်၊ ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်စသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွားများ ဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သချ်ာဖွားတက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှေးဝေး၊ ရှေးပဝေသဏီမှစ၍ တညီတညွတ် တစုတရုံး လွတ်လပ်သောလူမျိုးအဖြစ် တည်ခဲ့ကြကုန်၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ထိုနောင်မန္တလေးအထိ ငါတို့လွတ်လပ်ရေးသည် နေရောင်အဝါ ကဲပမာသို့ တဖြာဝင်းဝင်း ကမ္ဘာချဉ်းအောင် ထွန်းလင်းခဲ့ပေ၏”**

ကမ္ဘာမှာ မည်သည့်နိုင်ငံနဲ့လူမျိုးမဆို လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးရဲ့ ဂုဏ်ကိုသာ ရယူလိုကြတာဖြစ်တယ်။ ကိုလိုနီကျွန်ပြုခံရသော လူမျိုး၊ တိုင်းတစ်ပါးသြဇာခံလက်ပါးစေ လူမျိုးအဖြစ် မရပ်တည်လိုကြတာ အမှန်ပဲဖြစ်ပါတယ်။ လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံနဲ့ လူမျိုးတစ်ရပ်အဖို့ နိုင်ငံရေးအရ လွတ်လပ်ခြင်း၊ စီးပွားရေးအရ လွတ်လပ်ခြင်း၊ လူမှုရေးနဲ့ယဉ်ကျေးမှုအရ လွတ်လပ်ခြင်းတို့ ပါဝင်ပါတယ်။ ဒါ့အပြင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုသော အချုပ်အခြာအာဏာသုံးရပ်ကို နိုင်ငံသားများလက်ဝယ်မှာ ထားရှိကျင့်သုံးနိုင်ရမှာဖြစ်တယ်။ လွတ်လပ်ခြင်းရဲ့ ဆန့်ကျင်ဘက်ကတော့ ကျွန်ပြုခံရခြင်း၊ တိုင်းတစ်ပါးရဲ့ မတရားစွက်ဖက် ခြယ်လှယ်ခံရခြင်းများပဲ ဖြစ်တယ်။

> **ကမ္ဘာမှာ မည်သည့်နိုင်ငံနဲ့ လူမျိုးမဆို လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဂုဏ်ကိုသာ ရယူလိုကြတာဖြစ်။ ကိုလိုနီကျွန်ပြုခံရသော လူမျိုး၊ တိုင်းတစ်ပါးသြဇာခံလက်ပါးစေ လူမျိုးအဖြစ် မရပ်တည်လိုကြတာ အမှန်ပဲဖြစ်။ လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံနဲ့လူမျိုးတစ်ရပ်အဖို့ နိုင်ငံရေးအရ လွတ်လပ်ခြင်း၊ စီးပွားရေးအရ လွတ်လပ်ခြင်း၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအရ လွတ်လပ်ခြင်းတို့ပါဝင်။**

ဒီနေရာမှာ You cannot stop birds flying overhead **“သင့်ခေါင်းပေါ်ကငှက်တွေဖြတ်ပြီးတော့ ပျံမသွားအောင် သင်တားလို့မရဘူး”** But you can stop them from nesting in your hair **“ဒါပေမယ့် သင့်ခေါင်းပေါ်ကဆံပင်ထဲမှာ အသိုက်လာမလုပ်အောင်တော့ တားလို့ရတယ်”**ဆိုတဲ့ ကဗျာလေးကို ဥပမာပေးချင်ပါတယ်။ ဒါကြောင့်မို့ တိုင်းတစ်ပါးမှ လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးဝါဒီများ၊ ကိုလိုနီနယ်ချဲ့ လက်သစ်များရဲ့စွက်ဖက်မှု ကျူးကျော်မှုမှန်သမျှကို ကာကွယ်တိုက်ဖျက်သွားနိုင်ဖို့အတွက်

- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးအစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး**
- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး**
- **ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဆိုတဲ့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို မပျက်မကွက် ကျေပွန်စွာ ထမ်းဆောင်သွားရေးဟာ လွတ်လပ်သော နိုင်ငံသားတို့ရဲ့ တာဝန်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။



# ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင်အကောင်အထည်ဖော် နယ်မြေလူထု အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများနှင့်အတူ ဒီဇင်ဘာ ၃၀ရက် ည ၇နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် တိုင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က တိုင်းအတွင်း လူမှုရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၆ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးက ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များကိုမိမိတို့၏ နယ်မြေဒေသများ၌ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် နယ်မြေလူထုအကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်ချက်များ ပံ့ပိုးကူညီပေးကာ အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## စက်မှု(၁)ဈေးရောင်းပွဲတော် ရက်ထပ်မံတိုးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၅**

အမှတ်(၁)စက်မှုဝန်ကြီးဌာနကရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ ကျင်းပသော စက်မှု(၁) ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၃ရက်အထိ ရက်ထပ်မံတိုးမြှင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါဈေးရောင်းပွဲတော်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖတ်ကြားစဉ်။**

(မြို့နယ်ပြန်/ဆက်)

# အသက်တမျှ လွတ်လပ်ရေးအမွေ

☆ ကချင်၊ကယား၊ကရင်၊ချင်း၊ဗမာ၊မွန်၊ရခိုင်၊ရှမ်းတွေက
အသွင်မခြားကြင် မြန်မာပြည်ထောင်စုတစ်ဝန်းမှာဖြင့်
သခင်မျိုးပင် ဇာနည်တွေအစွမ်းပြခဲ့တာမို့
ပေးလှူခဲ့ပါတဲ့ အသက်သွေးချွေးတွေ
သြော် စွမ်းသူတွေကြိုးစားခဲ့ပါတဲ့ လွတ်လပ်ရေးအမွေ။

☆ ဉာဏ်သိဖွေရှာ လောကဓာတ်အတွင်းတွင်ဖြင့်
ပြန်ကြည့်စေတနာ အတောမသတ်ပင်မငြင်းနိုင်ဘု
မြန်တည့်မြန်ချာ ပြောစမှတ်တွင်သင်းပါဘိ
သာကီရတနာလောကတစ်ခွင် အလင်းဆောင်မယ့်
တိုင်းရင်းသားတွေ ရိုင်းပင်းကာစံထားမြတ်ပါလို့
အရေးသုံးပါးနှင့် ဆယ့်နှစ်ရပ်ဦးတည်
အထူးတလည် ထိန်းသိမ်းမည်ကွယ့်မြန်မာ့လွတ်လပ်ရေး
ပေးလှူခဲ့ပါတဲ့ အသက်သွေးချွေးတွေ
သြော် အလေးမူရ အသက်တမျှလွတ်လပ်ရေးအမွေ။

☆ သမိုင်းရာဇဝင် အမှန်တင့်မယ့် မော်ကွန်း
တိုင်းမြန်ခွင် စည်ပင်ခဲ့ ယခင်ရှေး
လှိုင်းထန်စဉ် ဘယာဝင် နယ်ချဲ့သမားတွေရဲ့
နှိုင်းပြန်လျှင် စစ်ရေးရာ အင်္ဂါထောက်ကြပါစို့
ရိုင်းရန်ပင် စစ်ပညာအမြောက်တွေ မညီမျှတာကြောင့်
ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ခဲ့ပါတယ်
သုံးကြိမ်မြောက်စစ်ခင်း၍ မြန်မာနိုင်ငံသိမ်း။

☆ နှစ်ပေါင်းတစ်ရာကျော်
ကျွန်ပြုသနော် မြန်မာပြည်တွင်း
ရင်ထုမပျော် သွေးခွဲကာ အုပ်စိုးတာမို့
အရုပ်ဆိုးလှတဲ့ နယ်ချဲ့တွေဉာဏ်
နှစ်များစွာက တွန်းလှန်ခဲ့ညီနောင်ခပင်း
အချင်းချင်းသွေးစည်းတဲ့ ပင်လုံ
အောင်မြင်ပုံပြည်သစ်တည် နိုင်ငံတစ်ဝန်းမှာဖြင့်
ငြိမ်းချမ်းကာရွှေလမ်း တံတားတွေ လျှမ်းပါလို့
ကိန်းခန်းသာ နေပြည်တော်နန်းကိုတဲ့
ချမ်းမြရည် လှမ်းကြမည်ရွှေစည်ဆော်လို့ ရန်ဘယာတွေငြိမ်း။ ။

မိခင် ရတနာဦး
(ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်)

**၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဒလမြို့နယ် သီရိဇေယျာ နော်ရထာခန်းမတွင် ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင် ဖတ်ကြားစဉ်။** (၅၂၉)

## ရမည်းသင်း အထက ရာပြည့်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ပွဲတော်ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ရာပြည့်ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၁-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဆရာ့အမွေတရားတော် (အရှင်ဆေကိန္ဒ) |
| ၇း၅၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင် |
| ၈း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၀ | Language Lab အထက(၁)ဒဂုံ |
| ၉း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၃၅ | ကလေးတို့အတွက်လက်ဆောင် (မီးပုံးပြုလုပ်နည်းနှစ်မျိုး) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ဖန်ချက်စက်ရုံ(သန်လျင်) |
| ၁၀း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | MRTV-4 ကျန်းမာရေးကဏ္ဍ [ဒေါက်တာစိုးလွင်-(သားဖွားမီးယပ်အထူးကု) နှင့်တွေ့ဆုံခြင်း] (မိခင်လောင်းတို့သိကောင်းစရာအဖြာဖြာ)(အပိုင်း-၂) |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | ကျွန်းမျောပေါ်ကခရမ်းချဉ်သီး |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၃၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၆း၅၅ | Tamworth-Norwich | 5-Sports (Live) |
| ၉း၂၅ | Nottingham Forest-Charlton | 5-Series (Live) |
| | Birmingham-Newcastle | 5-Sports (Live) |
| ၁၁း၄၀ | Liverpool-Arsenal | 5-Sports (Live) |

# မင်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၅**

မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်အထက် အသင်းဝင် သက်ကြီးဘိုးဘွားများစာရင်းနှင့် ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းသူအသင်းသားများ၏ သားသမီးများစာရင်း၊ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၁၄ရက်နောက်ဆုံးထား၍ ဒေါက်တာလှမောင်(ဥက္ကဋ္ဌ) ဖုန်း-၅၃၇၅၀၇၊ ဦးတင်အောင်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးတင်မောင်ဦး ဖုန်း-၅၉၁၅၂၆၊ ၅၀၁၀၅၁နှင့် ဦးသန်းစိုး ဖုန်း-၃၈၂၇၈၇၊ ၅၃၄၇၃၆ ညွှန်ကြားရေးမှူး ပင်စင်ဦးစီးဌာနတို့ထံ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းကြပါရန်နှင့် မင်းလှမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

(က-ပ)

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၂/၂၀၀၇**
**၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်**
**(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–**

**(ယမန်နေ့မှအဆက်)**

## လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါ်ခင်ချိုချို၊ စာရေးအဆင့်(၁)၊ ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)၊ ပြည်ထဲရေးဝန်ကြီးဌာန

၂။ ဒေါ်ကြည်ကြည်(ခ)ဟသ်ာကြည်၊ ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန

၃။ ဦးသိန်းဆောင်၊ ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန

၄။ ဗိုလ်ကြီးကျော်ဇင်မိုး၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅။ ဦးသိန်းဌေး၊ နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆။ ဦးသန်းလွင်၊ နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၇။ ဦးရွှေဝင်း၊ နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၈။ ဦးမြင့်အောင်၊ နည်းပြ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၉။ ဦးသန်းမောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နည်းပြချုပ်၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၀။ ဒေါ်ခင်မူမူ၊ ရုံးအုပ်၊ အိုးအိမ်ဦးစီးဌာန၊ နည်းပြ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၁။ မောင်သန်းဇော်ဦး၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၂။ မောင်အောင်လှိုင်မိုး၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၃။ မောင်အောင်ဇော်၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၄။ မကြူကြူသင်း၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၅။ မခင်နုနုဖြိုး၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၆။ မမေဇင်ဖြိုး၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၇။ မစိုးဆင့်ဆင့်အောင်၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၈။ မမာမာဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၉။ ဦးဝင်းနိုင်၊ ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၀။ ဦးအန်အောင်ခွန်၊ ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၁။ ဦးအောင်ကြီး၊ ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၂။ ဦးမင်းလွင်၊ ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၃။ ဦးသန်းလှိုင်၊ ကစားသမား၊ မြန်မာနိုင်ငံမသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၄။ မစန္ဒာမျိုးသန်း၊ကစားသမား၊မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၅။ မသူဇာဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၆။ မောင်မောင်လွင်၊ကစားသမား၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၇။ မောင်အောင်ကျော်မိုး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၈။ မောင်ရန်ပိုင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၉။ မောင်ကျော်သူရ၊ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၀။ မောင်ဇော်ဇော်၊ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၁။ ဒေါက်တာအောင်ကျော်ဦး၊လ/ထဆရာဝန်၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန

၃၂။ ဦးညွန့်လင်း၊ သူနာပြု(၃)၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန

၃၃။ မနိုင်နိုင်ဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၄။ မောင်သိန်းဇော်မင်း၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၅။ မောင်မောင်၊ ကစားသမား၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၆။ မောင်စည်သူလင်း၊ ကစားသမား၊မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၇။ မောင်အောင်ချိုမြင့်၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၈။ မောင်အောင်မြင်သူ၊ ကစားသမား၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၉။ မောင်စိုင်းပြည့်စုံဟိန်း၊ ကစားသမား၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၀။ မောင်ပြည့်ဝေဖြိုး၊ ကစားသမား၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၁။ ဒေါက်တာမင်းနိုင်၊ ဆေးမှူး၊ မြို့တော်စည်ပင်နည်းပြ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၂။ မကေခိုင်လွင်၊ ကစားသမား၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၃။ မမြင့်မြင့်အေး၊ ကစားသမား၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၄။ မလဲ့လဲ့ဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၅။ မောင်ဇော်ဝင်းထိုက်၊ ကစားသမား၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၆။ ဦးကျော်ဦး၊ ကစားသမား၊ မြန်မာနိုင်ငံ ဘိလိယက်/စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၇။ ဦးအောင်ဆန်းဦး၊ ကစားသမား၊ မြန်မာနိုင်ငံဘိလိယက်/စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၈။ မောင်ဇင်လင်းအောင်၊ ကစားသမား၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၉။ မောင်မောင်စိန်၊ ကစားသမား၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၀။ မောင်အောင်အောင်ဦး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၁။ မောင်ကိုကိုအောင်၊ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၂။ မောင်ဇော်လင်းထွန်း(၂)၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၃။ မောင်မင်းသူ၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၄။ မောင်ခင်မောင်ထွန်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၅။ ဦးခေါ်ဒုဒီးတန်၊ ကျောင်းဆရာ(ငြိမ်း) တောင်သူ၊ အမှတ်(၃၃၈)၊ လေယာဉ်ကွင်းရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၅၆။ ဦးခင်မောင်ရွှေ၊ ဆောက်လုပ်ရေးဝန်ထမ်း(ငြိမ်း)၊မြို့မရပ်ကွက်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်

၅၇။ ဦးလဆီးဘောက်နော်(ဦးဘောက်ဝါ)၊အကျိုးဆောင်ဥက္ကဋ္ဌ၊ ဝိုင်အမ်စီအေ (၁၉၉၂–၂၀၀၅)မြစ်ကြီးနားမြို့၊ကချင်ပြည်နယ်

၅၈။ ဒေါက်တာခင်မောင်ထွန်း၊ တာဝန်ခံဆရာဝန်၊ပါရမီဦးအခမဲ့ဆေးကုခန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၅၉။ ဦးသိန်းအောင်၊ ဥက္ကဋ္ဌ၊ချင်းတွင်းဆန်လှူအသင်း၊ မုံရွာမြို့၊စစ်ကိုင်းတိုင်း

၆၀။ ဦးကျော်သောင်း၊ ကုန်သည်၊ အိမ်အမှတ်(၂၇၈)၊ ၃၄လမ်း၊ ၈၅/၈၆ ကြား၊ မလွန်ရပ်ကွက်၊ မန္တလေးမြို့

၆၁။ ဒေါ်သန်းရီ၊ သန့်စင်ဝင်းဆေးလိပ်ခုံ၊ မြောက်အင်းရပ်၊ (အောင်သပြေ) ကောလင်းမြို့၊စစ်ကိုင်းတိုင်း

၆၂။ ဒေါ်အေးအေးသန်း၊ တွဲဖက်အတွင်းရေးမှူး၊ မုံရွာမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊စစ်ကိုင်းတိုင်း

၆၃။ ဦးဘိုကြီး(ခ)ဦးအောင်ငွေ၊ မြန်မာတိုင်းရင်းဆေးသမားတော်ကြီး၊ ရပ်ပျို တိုင်းရင်းဆေး၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၆၄။ ဦးလှသန်း၊ တပ်ခွဲမှူး၊ မီးသတ်တပ်ဖွဲ့၊ ကြောင်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၆၅။ ဦးလှမျိုးရှိန်၊ တပ်စုမှူး၊ မီးသတ်တပ်ဖွဲ့၊ တပ်ပြင်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၆၆။ ဦးဝင်းလှိုင်၊ တပ်စုမှူး၊ မီးသတ်တပ်ဖွဲ့၊ ခယူတောရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၆၇။ ဦးစိုးတင့်၊ခြံအမှတ်(၂၀၉)၊ (၈)လမ်း၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း

၆၈။ ဦးမြင့်နိုင်၊ ခြံအမှတ်(၂၀၆)၊ (၈)လမ်း၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း

၆၉။ ဦးကျော်သူဝင်း၊ ခြံအမှတ်(၃၅)၊ (၇)လမ်း၊ နတ်သျှင်နောင်ရပ်ကွက်၊ ကေတုမတီမြို့သစ်၊ တောင်ငူမြို့၊ ပဲခူးတိုင်း

၇၀။ ဦးလှမင်းသူ၊ ဒုဦးစီးမှူး၊ စက်မှုအမှတ်(၃) တည်ဆောက်ရေး ရေအားလျှပ်စစ်ဦးစီးဌာန၊ တောင်ငူမြို့၊ ပဲခူးတိုင်း

၇၁။ ဦးကျော်တင့်၊ ခရိုင်တာဝန်ခံ၊(တိုင်းအလုပ်အမှုဆောင်)၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မကွေးတိုင်း

၇၂။ ဦးမြင့်သန်း(ခ)ဦးမောင်ငယ်၊ အမှတ်(၅၄၁/အီး)၊အောက်လမ်းမကြီး၊ သိမ်ကုန်းရပ်၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၇၃။ ဦးလှထွန်း၊ (အမှတ်–၅၄၁)၊ အောက်လမ်းမကြီး၊သိမ်ကုန်းရပ်၊ ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၇၄။ ဒေါ်အေးအေးမြင့်၊ အမှတ်(၅)၊ သဇင်လမ်း၊ ဖေယျာမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၇၅။ ဦးသန်းထွန်း၊ အမှတ်(၇၉)၊ ဗုဒ္ဓဟူးလမ်း၊ (၄)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း

၇၆။ ဦးသိန်းမောင်၊ ရွှေလမင်းဆေးလိပ်လုပ်ငန်း၊ (ဥက္ကဋ္ဌ၊မြို့နယ်မော်တော်ယာဉ်အသင်း) ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်း

၇၇။ ဒေါက်တာဌေးနိုင်၊ အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

၇၈။ ဦးဇော်ထွန်း၊ ကျွမ်းကျင်(၆)၊ကုန်သွယ်လယ်ယာ(ငြိမ်း)၊ အမှတ်(၄၄)၊ သီတာလမ်း၊ (၂)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

၇၉။ ဦးလှိုင်ဦး၊ အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမှတ်(၁၁၄/၅)၊ ကမ်းနားလမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း

၈၀။ ဦးတင်ဦး၊ ကုန်သည်၊ အမှတ်(၅၅/၆)၊ ဘုရားလမ်း၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း

၈၁။ ဦးနေဝင်း၊ မြန်မာ့အာမခံကိုယ်စားလှယ်၊ အမှတ်(၉၂၇/၅)၊ အောင်သုခလမ်း၊ လပွတ္တာမြို့နယ်၊ဧရာဝတီတိုင်း

၈၂။ ဦးဌေးအောင်၊ ဈေးသည်၊ ယုဝလမ်း၊ မင်းကုန်းရပ်၊ မြစ်သားမြို့၊ မန္တလေးတိုင်း

၈၃။ ဦးဇေယျ၊ ပုံနှိပ်လုပ်သား၊ အကွက်(၂၄၇)၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၈၄။ ဦးကျော်လင်း၊ လ/ထကြီးကြပ်ရေးမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၈၅။ ဦးကျော်ကျော်(ခ)ဦးမောင်ဘို၊ အရန်မီးသတ်ဦးစီးမှူး၊ အမှတ်(၄/၄၆)၊ သရဖီလမ်း၊ (၄)ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်

၈၆။ ဒေါ်စန်းကြည်၊ခြံယာ–လုပ်သား၊ ညောင်ဖြူစခန်းရပ်၊ မြင့်မိုရ်လမ်းမကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၈၇။ ဦးဇော်လွင်၊ ရတနာလုပ်ငန်း၊ အမှတ်(၁၆/၁၈၉)၊ ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း

၈၈။ ဦးဝင်းလှိုင်၊ လုပ်သား၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ လမ်းမတော်မြို့နယ်၊ အလုပ်သမားဝန်ကြီးဌာန

၈၉။ ဦးစိန်တင့်၊ ကောက်ပဲသီးနှံပွဲရုံ၊ မင်းတဲအိကင်း၊ အကွက်(၁၀၀)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၉၀။ ဦးဝင်းမောင်၊ တ–ကုန်ကြပ်(တံတား)၊ ကုန်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၉၁။ ဦးအောင်ဆန်း၊ တိုးရွှေမေတ္တာပန်းပုလုပ်ငန်း၊ ဆိုင်(၁၇)၊ နာရီစင်တိုက်တန်း၊ မဟာမုနိဘုရားကြီး၊ မန္တလေးတိုင်း

၉၂။ ဦးဝေဝေအောင်၊ စက်ခေါင်းမှူး(၄)၊ မလွှကုန်း ဒီဇယ်စက်ခေါင်းရုံ၊ မြန်မာ့မီးရထား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၉၃။ ဒေါ်ယဉ်ယဉ်အေး၊ အမှတ်(၇)၊ (၃၄)လမ်း၊ဈေးတန်းရပ်၊ဈေးတန်းအုပ်စု၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း

၉၄။ ဦးဝိစ္စရ၊ သံဃာတော်၊ မိုးကောင်းတိုက်၊ သုံးထပ်ကျောင်း၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၉၅။ ဦးဉာဏ်ဝင်း၊ ဆိုက်ကား၊ အကွက်(၆၂၁)၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၉၆။ ဦးညွန့်အောင်၊ ရေယာဉ်အုပ်(၃)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၉၇။ ဒေါ်ခင်အုန်းမြင့်၊ အကြီးတန်းလက်နှိပ်စက်၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၉၈။ ဦးကျော်ဝင်း၊ ရေပိုက်ပြင်ကျွမ်းကျင်(၄)၊ မြန်မာ့မီးရထား၊မြို့ပြအင်ဂျင်နီယာဌာန၊ အငယ်တန်းအင်ဂျင်နီယာ(၁)၊ လုပ်ငန်းရုံး၊ မန္တလေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၉၉။ ဦးခင်ဝင်း၊ တက်မကိုင်–၅၊ ရေကြောင်းဌာန(မြစ်ဝ)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၁၀၀။ ဦးသိန်းထွန်း၊ ရေယာဉ်မှူး(တ)၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၁၀၁။ ဦးအေးလွင်၊ လုပ်သား၊ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ မန္တလေးမြို့၊ အလုပ်သမားဝန်ကြီးဌာန

၁၀၂။ အရှင်ဂန္ဓသာရ၊ သံဃာတော်၊ သာသနာ့နုဂ္ဂဟကျောင်း၊ ဓမ္မိကရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း

၁၀၃။ ဦးစိုးတင့်၊ဒု–လ/ထကြီးကြပ်ရေးမှူး(ဘူတာစာရေး)၊စီးပွားရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၁၀၄။ ဦးတင်ဝင်း၊ ဆက်သွယ်ရေး(၅)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းရုံး၊ သရက်မြို့၊ မကွေးတိုင်း၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

၁၀၅။ (လ–၁၁၇၄၅၄) ရဲတပ်သားအောင်ကြီး၊ စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်)၊ ပြည်ထဲရေးဝန်ကြီးဌာန

၁၀၆။ ဦးမျိုးသိန်း၊ လွှပြင်(၄)၊ လွှပြုပြင်ခြင်း၊ အမှတ်(၂)ပရိဘောဂစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန

၁၀၇။ (လေ–၂၁၁၁)၊ ဗိုလ်မှူးမောင်မောင်ကျော်၊ လေတပ် ခဲယမ်းမီးကျောက်တပ်၊ လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

❒ စာမျက်နှာ ၆ မှ

## လူမှုထူးချွန်တံဆိပ်(တတိယဆင့်)(အဆက်)

၁၀၈။ ဦးသန်းဆောင် စက်မှုကျွမ်းကျင်(၅) တွဲပြင်၊ လူစီးတွဲပြင်စက်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၁၀၉။ ဦးအောင်ဇော်၊ ဌာနခွဲစာရေး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၁၁၀။ အရှင်နေမိန္ဒ သံဃာတော်၊ သာသနာ့နုဂ္ဂဟကျောင်း၊ ဓမ္မိကရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၁၁၁။ ဦးခင်ထူး၊ ဈေးသည်၊ အမှတ်(၆၉)၊ ဝါရုံလမ်း၊ တရုတ်စု၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၁၂။ ဒေါ်သန်းသန်းဝင်း စက်မှုစီမံရေး–၃၊ အမှတ်(၁) ဓာတ်ငွေ့စက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၁၃။ ဦးကျော်မြင့် ဆက်သွယ်ရေး(၃)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၁၁၄။ ဒေါ်မိုးမိုးဌေး ထုတ်လုပ်ရေးကျွမ်းကျင်(၄)၊ မရမ်းကုန်းမျက်နှာသုတ်ပဝါစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၁၅။ ဦးကျော်မြင့်၊ အလုပ်ရုံစိတ်မှူး၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၁၁၆။ ဦးမောင်မောင်သန်း၊ ဆက်သွယ်ရေး(၄)(စာတိုက်)၊ တိုင်းဆက်သွယ်ရေးစခန်း(စာတိုက်)ရန်ကုန်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
၁၁၇။ (၅၀၇၇၁၃)၊ တပ်ကြပ်ကြီးသိန်းလှိုင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၁၁၈။ ဦးမြသိန်း လက်ထောက်ညွှန်ကြားရေးမှူး၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန
၁၁၉။ ဦးဝင်းအောင် ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ ဆပ်ပြာစက်ရုံအမှတ်(၁)၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၂၀။ ဦးကျော်ဝင်းနိုင် အလုပ်ရုံစုမှူး၊ ဆပ်ပြာစက်ရုံ အမှတ်(၂)၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၂၁။ ဦးမျိုးသွင် ဌာနခွဲစာရေး၊ ရေရရှိရေးနှင့် သန့်ရှင်းရေးစီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၂၂။ ဦးဝဏ္ဏသာမိ သံဃာတော်၊ မဟာဒီပဲရင်းတိုက်၊ ပုညဝတီကျောင်း၊ ၁၈x၁၉လမ်းကြား၊ ၈၆လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၁၂၃။ ဦးမြင့်သိန်း ဒုဓာတ်ခွဲမှူး၊ သိမ်ဆိပ်တိုက်နယ်ဆေးရုံ၊ သထုံမြို့၊ မွန်ပြည်နယ်၊ ကျန်းမာရေးဝန်ကြီးဌာန
၁၂၄။ ဦးတင်မြင့် လက်မှုကျွမ်းကျင်(၅)၊ လုပ်သား၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြစ်ကြီးနားမြို့၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၁၂၅။ ဦးစောဝင်း အကြီးတန်းလက်နှိပ်စက်၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၂၆။ ဦးမြသိန်း စက်မှုကျွမ်းကျင်(၃)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၂၇။ ဦးကျော်ဆန်း ထုတ်လုပ်မှုကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင် အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၂၈။ ဦးအောင်ဌေး ယာဉ်မောင်း(၅)၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ အမှတ်(၂)တည်ဆောက်ရေး၊ မန္တလေးမြို့၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၁၂၉။ ဒေါ်သီတာလှိုင် သရုပ်ပြ(ရက္ခဗေဒဌာန)ဆေးတက္ကသိုလ်(၂)၊ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန
၁၃၀။ ဒေါ်စန်းစန်းနွဲ့ ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ ဒိုင်းမွန်းအချိုရည်နှင့်ရေခဲစက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၃၁။ ဦးကျော်ဝင်း ထုတ်လုပ်ရေးကျွမ်းကျင်(၃)၊ ဆပ်ပြာစက်ရုံ(၂)၊ ပဏ္ဍိတလမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၃၂။ ဦးမျိုးလွင် ဖယောင်းတိုင်လုပ်သား၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)စွမ်းအင်ဝန်ကြီးဌာန
၁၃၃။ ဦးဖိုးထူး အုပ်စုမှူး(တ) လျှပ်စစ်/စက်မှု၊ ဖျာပုံမြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၁၃၄။ ဦးမြင့်ကို အင်ဂျင်နီယာ၊ မြေတိုင်း၊ K.T.M. Construction Group၊ မြို့ပတ်လမ်း၊ မူလရွှေတံခါးကွက်သစ်၊ ရွှေကျောက်ကာဘုရားအနီး၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၃၅။ ဒေါ်ဌေးဌေးဝင်းထွန်း ဌာနခွဲစာရေး၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၁၃၆။ ဦးမျိုးသန့် လုပ်သား၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
၁၃၇။ ဒေါ်လှလှဝေ လုပ်သား၊ အမှတ်(၃)ပရိဘောဂစက်ရုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန

### ရဲသူရတံဆိပ်

၁။ သန့်ဇင်ဦး (မ–၁၇၇၃၇)၊ မီးသတ်တပ်သား (သေဆုံး)၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

### ရဲသူရဲန်တံဆိပ်

၁။ ဦးစဲနေ၊ ဥယျာဉ်ခြံလုပ်ငန်း၊နတ်ချောင်းကျေးရွာ၊ဓနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း
၂။ ဦးစန်းမောင်၊ လက်သမားလုပ်ငန်း၊ နတ်ချောင်းကျေးရွာ၊ ဓနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း
၃။ ဦးဂျီဘရား၊ ကျပန်း၊ နတ်ချောင်းကျေးရွာ၊ ဓနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း
၄။ ဦးဂျောစိန်၊ လယ်လုပ်၊ နတ်ချောင်းကျေးရွာ၊ ဓနော်ကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း

**အမိန့်အရ**
**(ပုံ)**
**သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး

## ချိပ်ပိတ်တင်ဒါဖိတ်ခေါ်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းမှ သာသနိကအဆောက်အအုံများဖြစ်ကြသည့် သုံးထပ်ဓမ္မာရုံ၊ မီးစက်ဆောင်၊ ရေသန့်စင်ခန်း၊ သိုလှောင်ရုံ၊ ဓမ္မာရုံ၊ ကိုးဆူတန်ဆောင်း၊ စက်တော်ရာတန်ဆောင်း၊ ပန်းဆိုင်နှစ်ဆိုင်၊ ထီး၊ ဖိနပ်အပ်နှံရန်နေရာ၊ ဂေါပကရုံး ပြန်လည်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရေးအတွက် ဇန်နဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ရုံးချိန်အတွင်း ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ထားသည်။

အသေးစိတ်သိရှိလိုပါက ရွှေဘုန်းပွင့်စေတီတော် ဂေါပကရုံး ဖုန်း–၂၉၀၄၂၅ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဒီဇင်ဘာ ၂၀ ရက်က ပုသိမ်မြို့၊ အမှတ်(၅)နယ်မြေ ဦးသန်းဦး၊ ဒေါ်စိုးစိုးရီ (နိုင်ရွှေစင် သောက်ရေသန့်)မိသားစုက သမီး မဆုရတနာ၏ (၁၂)နှစ်မြောက်မွေးနေ့တွင် ပုသိမ်မြို့ပေါ်ရှိ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်းနေ ကွယ်လွန်သူ သမီး မယဉ်ယဉ်လှိုင် (ခ) မိသားအား ရည်စူး၍ ဦးမောင်စံ–ဒေါ်မိစံ မိသားစုတို့က အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ဇာဂရာ ရာမသီရိမင်္ဂလာကံဦးကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ပြည်လုံးအေး ပဋ္ဌာန်းရွှေစေတီ ဘက်စုံအလှူငွေ ကျပ် ၃၅ သိန်း၊ ရွာမပရိယတ္တိစာသင်တိုက်အတွက် ငွေပဒေသာပင် ကျပ်သုံးသိန်း၊ စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်)သို့ အလှူငွေကျပ်နှစ်သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၄၀ ကို လှူဒါန်းစဉ်။ (သတင်းစဉ်)

သာမည ဆရာတော်အား ဦးထိပ်ထား၍ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက်၊ ၂/၅လမ်းနေ သားသမီးများဖြစ်သော မရီရီသန်း၊ မောင်သိန်းထွန်း၊ မလွင်လွင်ဌေးမိသားစုက ဒေါ်ခင်မြ (၈၁)နှစ်ပြည့်မွေးနေ့ ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ကမ္ဘာလုံးချမ်းသာ ရတနာပုံစေတီတော် မွမ်းမံပြီးစီးခြင်းအထိမ်းအမှတ် ရေစက်ချအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၂)ရပ်ကွက်ရှိ ကွေ့မရွာ သမိုင်းဝင်တောင်းတိုင်းပြည့် ကမ္ဘာလုံးချမ်းသာရတနာပုံစေတီတော်မြတ်ကြီးအား မွမ်းမံတည်ဆောက်မှု ပြီးစီးခြင်း အလှူတော်မင်္ဂလာ အထိမ်းအမှတ်အောင်ပွဲ ရေစက်ချအခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်တို့က ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ စေတီတော်မြတ်ကြီးအား ကွေ့မရွာသူရွာသားများနှင့် သာသနာပြု ဓမ္မမိတ်ဆွေများသည် စေတီတော်ကြီးနှင့် အရံစေတီများ၊ ရုပ်တော်မူ၊ လျောင်းတော်မူ၊ ကျောက်ဆင်းတုရုပ်ပွားတော်များ၊ သာသနိကအဆောက်အအုံများကို မွမ်းမံပြင်ဆင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်ပိုင်း)ရပ်ကွက်၊ ဓမ္မာရုံလမ်းနေ ဦးအန်းကူ–ဒေါ်ခင်မေဦးတို့က သမီး မလှဝင်းသူ၏ (၁၇)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာရှိ ဓမ္မဝိစာရီသီလရှင်စာသင်တိုက်တိုးချဲ့ ဆောက်လုပ်ရန် ငွေကျပ်ခြောက်သိန်းတန် ပေ၆၀ x ပေ၄၀ မြေကွက်ကို ဇန်နဝါရီ ၂ ရက်က ကျောင်းထိုင်သီလရှင်ဆရာလေး ဒေါ်ဝိစာရီထံ လှူဒါန်းစဉ်။ (၃၂)

## မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေး ဆရာတော် ဓမ္မသဘင်

**ရန်ကုန် ဇန်နဝါရီ ၅**

မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်နှင့် ဗုဒ္ဓတစ်ထောင် အလှူတော်ကြီး၏ ပဓာန ဦးဆောင် ဆရာတော် ဘဒ္ဒန္တဓမ္မသာရ(ဒီဃဘာဏက) အရှင်သူမြတ်သည် ဇန်နဝါရီ ၆ ရက်တွင် ကျောက်တန်းမြို့၌ လည်းကောင်း၊ ၁၁ ရက်နှင့် ၁၂ ရက်တွင် ဓနုဖြူမြို့ ရွှေဂူကျောင်း၌လည်းကောင်း၊ ၁၃ ရက်နှင့် ၁၄ ရက်တွင် အိမ်မဲမြို့ သာသနာ့ဗိမာန်ကြီး၌လည်းကောင်း၊ ၁၅ ရက်နှင့် ၁၆ ရက်တွင် ကျိုက်လတ်မြို့၌လည်းကောင်း၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ပုသိမ်မြို့၌လည်းကောင်း ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

ဇန်နဝါရီ ၄ ရက်က တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးစီး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို မြို့နယ်အသင်းရုံးအနီး၌ ကျင်းပရာ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသွားသောအသင်းအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းသိန်း ဆုချီးမြှင့်စဉ်။ (က–ပ)

## ☆ (၅၉)နှစ်မြောက်မှ

မိမိအနေဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယားပြည်သူများကိုယ်စားလည်းကောင်း နွေးထွေးစွာ နှုတ်ခွန်းဆက်အပ်ပါကြောင်း၊ ထို့အပြင် အဆွေတော်ကျန်းမာချမ်းသာစေကြောင်းနှင့် ရဲရင့်သော မြန်မာပြည်သူများအပေါ် ငြိမ်းချမ်းသာယာမှုနှင့် ကြွယ်ဝချမ်းသာမှုအပေါင်း ခညောင်းစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြထားသည်။

၎င်းအပြင် နှစ်နိုင်ငံပြည်သူများ၏ အစဉ်အလာခိုင်ကျည်သော ညီရင်းအစ်ကို ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်စေကြောင်း အခိုင်အမာ ယုံကြည်ပေသည်ဟု ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) မိသားစုဝင်နိုင်ငံများအတွင်း အင်အားစုစည်းခိုင်မာရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိကြကြောင်း ဖော်ပြထားသည်။

### ဖိလစ်ပိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ် အာရိုယိုထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ ဖိလစ်ပိုင်ပြည်သူများကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ကျွန်ုပ်တို့နှစ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးတူကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် အာဆီယံလူမှုအဖွဲ့အစည်းတစ်ရပ် တည်ထောင်နိုင်ရေးကြိုးပမ်းမှုအတွက် လက်တွဲဆောင်ရွက်နေချိန်တွင် မိမိနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်ရေး ကြိုးပမ်းချက်များကိုလည်းကောင်း၊ ဒီမိုကရေစီရေးနှင့် သာယာဝပြောရေး အားထုတ်မှုများကိုလည်းကောင်း ထောက်ခံအားပေးနေမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။

### ဗီယက်နမ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်မင်ကျစ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှုနှင့် အေးချမ်းသာယာမှုတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ အောင်မြင်မှုရရှိစေရန် ဆုတောင်းအပ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

### လာအို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ချောင်မာလေဆိုင်ညာဆုန်ထံမှ ပေးပို့သောသဝဏ်လွှာတွင် အစဉ်အလာအရ ရင်းနှီးချစ်ကြည်ပြီးဖြစ်ကြသော မိမိတို့နှစ်နိုင်ငံအကြား ပြည်သူများ၏ အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိကြကြောင်း၊ မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်နေခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် အထောက်အကူပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

(ကြေးမုံ)

## ✳ ရှေ့ဖုံးမှ

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းမှန်ကန်စွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်အကွာ ကျောက်နဂါး ကျေးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ တမံအလျားမှာ ပေ ၃၆၀၀၊ တမံအမြင့်မှာ ပေ ၄၀ ရှိ၍ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် ရွှေကျင်မြို့နယ်မြေခံ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိသားစု ဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရေး၊ တာဝန်ရှိသူအဆင့်ဆင့်က မိသားစုဝင်များ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စများကို စီမံ ဆောင်ရွက်ပေးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံ ပြည်သူများနှင့် လက်တွဲ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ရဲနွယ် ရေအားလျှပ်စစ်စက်ရုံ၌ ၂၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် စက်နှစ်လုံးရှိသည့်အနက် စက်တစ်လုံးမှာ ဓာတ်အား စတင်ထုတ်လုပ်နေပြီး မကြာမီ လုပ်ငန်းအားလုံး ပြီးစီးကာ စက်ရုံကို ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရဲနွယ်ရေလှောင်တမံ ပြီးစီးမှု၊ ရေသောက်ဧရိယာ ဧက ၁၁၈၅၀၀ သို့ ရေပေးဝေနိုင်ရေးအတွက် ရေလွှဲဆည် တည်ဆောက်ရန် ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဝမ်ကြည်က ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလျာထားချက်အတိုင်း အချိန်မီ ပြီးစီးရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်ကြရန်၊ တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် စိုက်ပျိုးရေပေးဝေရေး၊ သတ်မှတ်ချိန်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားကာ ရှုရပ်မှနေ၍ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ဧက ၁၁၈၅၀၀ ကို အကျိုးပြုနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မည့်အပြင် ရေအားလျှပ်စစ် ၂၅မဂ္ဂါဝပ်ကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာအနီးရှိ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အိုလံပစ်ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးရဲမြင့်က ညောင်လေးပင်-ဇေယျာဝတီလမ်းအပိုင်းတွင် လမ်းပြုပြင်တိုးချဲ့မှု၊ လမ်းထပ်ပိုးလွှာ အသစ်တင်ခြင်း၊ ကတ္တရာလမ်းကို ကတ္တရာ ရေပိတ်လွှာခင်းခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်းနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လမ်းပိုင်းကြံ့ခိုင်မှု အရည်အသွေးကောင်းမွန်ရေးအတွက် မွမ်းမံပြင်ဆင် ဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဖြူးမြို့နယ် ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ဖြူးချောင်း ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည့် စီမံကိန်းဖြစ်၍ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချက် ကာလအတိုင်းပြီးစီးရေး၊ သတ်မှတ်ချိန်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး ရှုရပ်မှ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံလုပ်ငန်းခွင်ကို ကြည့်ရှုသည်။

ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးချောင်းပေါ်၌ တည်ဆောက်ထားသော ဖြူးချောင်းရေလှောင်တမံ၏ အလျားမှာ ပေ ၁၀၂၀၊ တမံအမြင့်မှာ ၂၄၅ ပေ၊ ရေလှောင်ပမာဏမှာ ၆၃၂၅ဧကပေ၊ ဆည်ရေသောက်ဧရိယာမှာ ဧကတစ်သိန်းဖြစ်ပြီး ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး အဆင့်တိုးချဲ့ ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကမ္ဘောဇပတ်ဖိုင်ဒါအင်ဒပ်စရီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စီမံကိန်းဒါရိုက်တာ ဦးမိုးဆန်းအောင်က ဇေယျာဝတီ-ရေတာရှည် (မိုင်တိုင် ၁၄၆/၀ မှ ၁၉၄/၀ အထိ) လမ်းပိုင်းကို နိုင်လွန်ကတ္တရာခင်းခြင်း၊ ၂၄ပေချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း၊ လက်ရှိလမ်းသားကို ထပ်ပိုးလွှာခင်းခြင်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း၊ မိုးတွင်းကာလ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖြစ်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး၊ မွမ်းမံပြုပြင်ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အင်းစိန်ရွာမအနောက်ရပ်ကွက် စာပေဝါသနာရှင်များက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ကျပန်းစကားပြောပြိုင်ပွဲ၊စကားရည်လုပွဲ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းပြိုင်ပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက် ညက ဘုရင့်နောင်လမ်းတွင် ကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ် ဟောပြောစဉ်။** (၆၁)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တာမွေမြို့နယ် ကျောက်မြောင်း သမ္မာဒိဋ္ဌိလမ်းနေ ဒေါက်တာသန့်ဇင်၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ဦးချူဝမ်း-ဒေါ်ခင်ခင် မိသားစုက ငွေကျပ် ၁၅၀၀၀၀ ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၅**

၂၀၀၇ခုနှစ် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ)၌ ကျင်းပသွားမည်ဖြစ်ပြီး ပထမအဆင့်အုပ်စု အမှတ်ပေးပြိုင်ပွဲများကို ဇန်နဝါရီ ၈ရက်မှ ၁၃ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၊ ကြည့်မြင်တိုင်မြို့နယ် စလင်းကွင်း၊ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတို့တွင် ညနေ ၃နာရီခွဲအချိန်မှ စတင်၍လည်းကောင်း၊ ဒုတိယအဆင့်အုပ်စု အမှတ်ပေးပြိုင်ပွဲများကို ဇန်နဝါရီ ၁၆ရက်မှ ၂၁ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းနှင့် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတို့၌ ညနေ ၃နာရီခွဲမှ စတင်၍ လည်းကောင်း၊ အကြိုဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ဇန်နဝါရီ ၂၄ရက်မှ ၂၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ညနေ ၃ နာရီမှ စတင်၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပုဇွန်တောင်မြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ထူးချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၄ ရက်က အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)တွင် ကျင်းပရာ စတုတ္ထတန်း ဘက်စုံဒုတိယဆုနှင့် လူမှုရေးဘာသာ ပထမဆုရ မဝင်းပပမျိုး(အမက-၆)အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပု ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေချီးမြှင့်စဉ်။** (၂၃)

# မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကူး ပျော်ပွဲ ရှင်ပွဲများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ ကျင်းပခဲ့

နေပြည်တော် ဇန်နဝါရီ ၅

**နှစ်သစ်ကူးကာလတွင် အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းမြေ့စွာ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ နှစ်သစ်ကူးကာလ ပျော်ပွဲရွှင်ပွဲများကို နိုင်ငံတစ်ဝန်းလုံးတွင် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ခဲ့ကြောင်း သိရသည်။**

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ညတွင် ရန်ကုန်မြို့၌ နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ အခမ်းအနားများကို မြရိပ်ညို၊ ယုဇနဂါးဒင်းဟိုတယ်၊ ဟိုတယ်နီကိုး စသည့် သတ်မှတ်ထားသော နေရာအသီးသီးတွင် စနစ်တကျ ကျင်းပကြသည်။ ယင်းကဲ့သို့ သတ်မှတ်နေရာများတွင် စနစ်တကျ ကျင်းပနိုင်ခဲ့မှုကြောင့် နှစ်သစ်ကူးညတွင် ရန်ကုန်မြို့၌ ယာဉ်မတော်တဆဖြစ်ပွားမှုနှင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှု မရှိခဲ့ကြောင်းသိရသည်။

အလားတူ ပြည်နယ်နှင့်တိုင်း အသီးသီး မြို့ကြီးများတွင်လည်း နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှု မရှိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကူးကာလအတွင်း ပျော်ပွဲရွှင်ပွဲများ ကျင်းပစဉ် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရမှု မရှိခဲ့ခြင်းမှာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီး၏ ကြီးကြပ်စီစဉ်မှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ပါဝင်ဆင်နွှဲ

တောင်ကြီး ဇန်နဝါရီ ၅

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ပဉ္စမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲတွင် တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ် စုရပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများ စုစုပေါင်း အင်အား ၁၃၀၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်အားကစားကွင်း၌ အပျော်တမ်း ကြက်တောင်ရိုက်အားကစားပွဲပြုလုပ်၍ အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တိုင်းမှူးနှင့် ဇနီးတို့က ဆုများပေးအပ်ချီးမြှင့်ပြီး အမှတ်တရ ဦးထုပ်များ ပေးအပ်သည်။ (ခရိုင်ပြန်/ဆက်)

# တိုင်းရင်းသားကျေးရွာသို့ ယဉ်ကျေးမှုပစ္စည်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ နန်းမြင့်ပြတိုက်တွင် အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် အလှူရှင် ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးဝမ်လျန်းထန်က ချင်းတိုင်းရင်းသားရိုးရာ အမျိုးသားပုဆိုး တစ်ထည်၊ အင်္ကျီတစ်ထည်နှင့် ခေါင်းပေါင်းတစ်ခု၊ အမျိုးသမီး လုံချည်တစ်ထည်၊ အင်္ကျီတစ်ထည်နှင့် ခြုံပဝါ တစ်ထည်တို့ကို ဒီဇင်ဘာ ၂၃ ရက်က လာရောက်လှူဒါန်းရာ စီမံကိန်းတာဝန်ခံ ဦးထွန်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စေတနာရှင် အလှူရှင်များအနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပစ္စည်းများ လှူဒါန်းလိုပါက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ဖုန်း- ၅၄၄၉၆၆၊ ၅၄၇၀၇၇၊ ၅၄၇၀၈၈၊ ၅၄၇၃၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (နယ်စပ်/စည်ပင်)

# အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

စိန်မေရီ ဒိုင်အိုစီဇင် မိန်းကလေး အထက်တန်းကျောင်း၏ (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဟိုလီထရစ်နာတီ ဘုရားရှိခိုးကျောင်းဝင်းရှိ ပဲရစ်ဟောခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

✻ ငမိုးရိပ်မှ

ဒုတိယမြို့တော်ဝန်တို့က မင်္ဂလာမော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် ရပ်ကွက်အတွင်းသို့ ဆက်သွယ်ရယူထားသည့် မင်္ဂလာ ရေဂုတ်မှ ဘားများကိုလှည့်ကာ ရေစတင်ပို့လွှတ်ပေးကြပြီး ထွက်ရှိသည့် ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများ အသီးသီးပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြပြီး အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်ကြသည်။ ဆက်လက်၍ ရပ်မိရပ်ဖ ဦးစိုးလွင်က သောက်သုံးရေ ရရှိခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားကာ ဧည့်သည်တော်များအား ရေဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များသည် ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ရေဆက်သွယ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။ (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

၅-၁-၂၀၀၇

**ဟားခါး**
(-၁)ဒီဂရီစင်တီဂရိတ်

**မိုးကုတ်**
၃ ဒီဂရီစင်တီဂရိတ်

**ရန်ကုန်**
၁၆ ဒီဂရီစင်တီဂရိတ်

# မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းမှ ကာကွယ်ခြင်းစီမံချက် ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် UNICEFတို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်မှ သန္ဓေသားသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ခြင်း စီမံချက်လုပ်ငန်း မြို့နယ်အဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သားဖွားခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးက အဆိုပြုလွှာ ၁၄၀၀ ကို ပေးအပ်ရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံသည်။

ဆက်လက်၍ လှိုင်မြို့နယ် သားဖွားခန်းအတွက် အလှူငွေကျပ် ၁၈၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်မေမာလာက လုပ်ငန်းစီမံချက်များ အကြောင်းနှင့် လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက သားဖွားခန်းလုပ်ငန်းများ အကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မိခင်/ကလေး)

# လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၅

လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိမင်္ဂလာခန်းမတွင် ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပြီး လပွတ္တာမြို့ သာသနာ့ ဗိမာန်တော်တွင် ဇန်နဝါရီ ၂၁ရက် နံနက် ၈နာရီမှ ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဂုဏ်ထူးရရှိသူများသည် အမှတ်(၆၃) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်သို့ ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား စာရင်းပေးပို့ကြရမည်ဖြစ်သည်။ (က-ပ)

## ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့

**“ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက်(၂၀၀၇)”**

၂၀၀၇ခုနှစ် ဇန်နဝါရီလ (၁၄)ရက်နေ့မှ (၂၇)ရက်နေ့ (ပထမအကြိမ်)
(ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း)

၂၀၀၇ခုနှစ် မတ်လ (၁၇)ရက်နေ့မှ (၃၀)ရက်နေ့ (ဒုတိယအကြိမ်)
(ပြည်နယ်အားလုံး၊ တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်းအလယ်ပိုင်း)

၂၀၀၇ခုနှစ် မေလ (၁၄)ရက်နေ့မှ(၂၇)ရက်နေ့ (တတိယအကြိမ်)
(ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း)

**အသက်(၉)လမှ(၅)နှစ်အောက်ကလေးများအားလုံး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြစို့**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၇ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ဝမ်ပုံရေလှောင်တမံ
၈:၁၀ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Grammar Made Easy.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၀၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁:၁၅ ၇။ **“နှစ်မြှာနတ်မိမယ်” (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အောင်ကျော်ကျော်)**
၁:၃၀ ၈။ ကျေးပင်အက်ရေလှောင်တမံ
၁:၄၀ ၉။ အတီးပြိုင်ပွဲ
၁:၅၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၁၀ ၁၁။ အဆိုပြိုင်ပွဲ
၂:၂၀ ၁၂။ **“အန္တရာယ်ကင်းစေ ဘေးရှင်းစေ” (လူမင်း၊ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)**
၂:၃၅ ၁၃။ ပမ္မဝတီတံတား
၂:၄၅ ၁၄။ International News.
၃:၀၀ ၁၅။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)**
၄:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅:၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၀ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်ကြွေရင်ခုန်သံ” (အပိုင်း-၉)**
၇:၄၅ ၁၂။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု “စက်မှုအားနှင့်အညီ ရွှေနိုင်ငံသစ်တည်”
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လှပသောနေ့ရက်များ” (အပိုင်း-၁၃)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောင်ကားစံပြကျေးရွာတွင် ကျင်းပသော ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်းပြိုင်ပွဲနှင့် ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံဘောလုံးပြိုင်ပွဲ၌ ဒေသခံဘောလုံးဝါသနာရှင်များ တစ်ခဲနက်အားပေးကြစဉ်။(ကြေးမုံ)

# ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလားပြိုင်ပွဲနှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

**၂၀၀၆ ခုနှစ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်း ဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောင်ကားစံပြကျေးရွာ၌ ကျင်းပရာ ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ကန်တော်ကြီးဒေသဥက္ကဋ္ဌ ဦးဆရာယွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ဘောလုံး ဆပ်ကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်အားကစားမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

အလွတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်တလုံးကြီးအသင်းက ရန်ကင်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ကျေးရွာအုပ်စုပြိုင်ပွဲ၌ ဟံန္မားအသင်းက ဖာမွန်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရဗိုလ်စွဲသွားကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် ဘောလုံးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကျေးရွာအုပ်စုပေါင်းစုံပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ဒုတိယဆုရ ဖာမွန်းအသင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ် သုံးသိန်းကို လည်းကောင်း၊ ပထမဆုရဟံန္မားအသင်းအား တစ်ဦးချင်းဆု တံဆိပ်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြို့နယ်အားကစားမှူး ဦးစောနေမင်းထွန်းက ပထမဆုရ ဟံန္မားအသင်းအား ဆုကြေးကျပ် ငါးသိန်းကိုလည်းကောင်း၊ ကန်တော်ကြီး ဒေသဥက္ကဋ္ဌ ဦးဆရာယွန်းက ပထမဆုရ ဟံန္မားအသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နှင့် ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့မှ တာဝန်ရှိသူများက အလွတ်တန်းပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ဒုတိယဆုရ ရန်ကင်းအသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့်ငွေသားကျပ်ငါးသိန်းကိုလည်းကောင်း၊ ပထမဆုရ ကျောက်တလုံးကြီး အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ်ရှစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် ပအိုဝ်းအမျိုးသားဘောလုံး အဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပထမဆုရ ကျောက်တလုံးကြီးအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်သည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး အလွတ်တန်းပြိုင်ပွဲ၌ ၁၀ သင်း၊ ကျေးရွာ အုပ်စုပြိုင်ပွဲ၌ ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲ၌ မြန်မာလိဂ် အဆင့်မြင့်တန်းမှအသင်းများ၊ ဘောလုံးသမားများ လာရောက်ယှဉ်ပြိုင်ကြပြီး ဒေသခံ ဘောလုံးဝါသနာရှင်များက တစ်ခဲနက် အားပေးခဲ့ကြသည်။ (ကြေးမုံ)

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇ခုနှစ်ပညာရေး စုံညီပွဲတော်နှင့် ၂၀၀၅–၂၀၀၆ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် ဘာသာစုံ ပထမနှင့် ဘာသာရပ်လေးခုတွင် ပထမဆုရရှိသော မဇွန်ဖူးဝေအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်း ဆုချီးမြှင့်စဉ်။**
(ပညာရေး)

# NLD ပါတီသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ လုပ်ဆောင်ခဲ့ခြင်းမရှိ ကြို့ပင်ကောက်မြို့နယ်မှ NLD ပါတီဝင် ကိုးဦး နုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၅

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ဦးအေးကိုကိုသည် မေ ၂၅ ရက်တွင် လည်းကောင်း၊ ပါတီဝင်များဖြစ်ကြသည့် စီကောက်ပင်ကျေးရွာမှ ဦးကြည်အောင်နှင့် ဦးမြင့်ချိုတို့သည် ဇူလိုင် ၂၆ရက်တွင်လည်းကောင်း၊ လိန်ပင်ကွင်း တောင်စုကျေးရွာမှ ဒေါ်ဖြူသည် ဇူလိုင် ၂၈ ရက်တွင် လည်းကောင်း၊ ကံကလေးကျေးရွာမှ ဦးမြကြိုင်သည် ဩဂုတ် ၁ ရက်တွင်လည်းကောင်း၊ အနောက်တောင်ရပ်ကွက်မှ ဦးသက်ခိုင်သည် ဩဂုတ် ၂၂ ရက်တွင်လည်းကောင်း၊ ဘန့်ဘွေးကုန်းကျေးရွာမှ ဦးစိန်ဝင်း၊ ဦးလှသောင်းနှင့် ဦးမြင့်ဦးတို့သည် ဩဂုတ် ၂၅ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း မိမိတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကြို့ပင်ကောက်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် နိုင်ငံနှင့်ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း၊ တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်ရေးလုပ်ငန်းများကိုသာ ရှေးရှုဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားကိုးမှု မရှိတော့သဖြင့် မိမိတို့ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားဟောင်းများ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ယဉ်ကျေးမှုတက္ကသိုလ် (၁၉၉၃–၂၀၀၇) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (ကြေးမုံ)

# အထက(၁) မင်္ဂလာဒုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၈၅–၈၆ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက်၉နာရီတွင် အဆိုပါ ကျောင်းမြရောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လူဒါန်းလိုပါက ကျောင်းရုံးဖုန်း–၀၁–၆၃၅၀၇၅၊ ဒေါ်ယဉ်ယဉ်လတ် ဖုန်း–၀၁–၆၃၆၃၄၂၊ ဒေါ်မာမာဆွေ ဖုန်း–၀၉၅၁၁၇၄၉၈ တို့ထံ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

# စာရေးဆရာလှိုင်သင်း၏ လူ့ယဉ်ကျေးမှုသမိုင်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

စာရေးဆရာလှိုင်သင်း၏ လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းက ရသော အမွေ အတွဲ(၂) ဘာသာပြန်စာအုပ် **(အပေါ်ပုံ)**ကို ကံ့ကော်ဦးမွန် စာပေတိုက်က ဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် အိန္ဒိယနိုင်ငံ၏ အခြေခံအုတ်မြစ်များ၊ ဗုဒ္ဓ၊ အလက်ဇန္ဒားမှ အော်ရန်းလက်ဘ်သို့၊ လူမျိုး၏ဘဝ၊ နတ်ဘုရားများ ပျော်စံရာဘုံ၊ ဉာဏ်ပိုင်းဆိုင်ရာ ဘဝ၊ အိန္ဒိယစာပေ၊ အိန္ဒိယအနုပညာ စသည့် အခန်းများပါရှိပြီး ရောင်စုံဓာတ်ပုံများဖြင့် ဝေဆာစွာ ဖော်ပြထားကြောင်း သိရသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၆–၁–၂၀၀၇ (စနေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | ဆရာတော်ဦးဃောသိတတရားတော် **–ဆပ္ပာဏကောပမသုတ်** |
| ၉:၁၁ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၉:၁၀ | ၁၃။ | ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | **ရုပ်မြင်သံကြားဇာတ်လမ်း "အရိပ်" မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ ပန်းဖြူ (ဇာတ်သိမ်းပိုင်း)** |
| ၁:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၄:၃၅ | ၄။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅:၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၈။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၀။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၀ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျေးတောသူ" (အပိုင်း–၁၈)** |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | **FA CUP ဘောလုံးပွဲ –Liverpool Vs Arsenal (Live)** |
| | ၁၇။ | သင့်အတွက် မနက်ဖြန် |
| | ၁၈။ | အပိတ်နှုတ်ဆက်စကား |
| | ၁၉။ | ပြီးပါပြီ။ |

# ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး ဓာတ်လှေကားတပ်ဆင်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ဓာတ်လှေကားတပ်ဆင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်တွင် အဆိုပါ ဆေးရုံ၌ကျင်းပရာ ရွှေမြိုင်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကောင်း(ခ) ဦးအောင်လင်း၊ ဒေါ်ခင်ခင်မိသားစုတို့က အလှူငွေကျပ် ၁၅၃၀၀၀၀၊ စွမ်းအလှကုန်စတိုးမှ ဒေါ်ပိုယဉ်က အလှူငွေကျပ်ငါးသိန်း၊ အမေရိကန် နိုင်ငံမှ ဒေါက်တာလှမြင့် မိသားစုက အလှူငွေကျပ်လေးသိန်း၊ ကိုဆန်းမင်း မိသားစုက အလှူငွေကျပ်သုံးသိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်လှမြင့်က အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ တရားပွဲများ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီ ပျော်ဘွယ် ပရိယတ္တိ စာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂီ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဇန်နဝါရီ ၁၀ ရက်ညတွင် သန်လျင်မြို့ ရန်ကုန်တောင်ပိုင်းခရိုင်လုံးဆိုင်ရာ သုဓမ္မာနိကာယ ဝိနည်းစာတော်ပြန်ပွဲ၊ ၂၀ ရက်ညတွင် ပျော်ဘွယ်မြို့နယ် ဇီးတောရွာ ကိုသိန်းဇော်၊ မသန်းသန်းဌေး မိသားစုတို့၏ ရဟန်းခံရှင်ပြုအလှူမင်္ဂလာအကြိုပွဲ၊ ၂၁ ရက် နံနက်တွင် ဇီးတောကျောင်း ဓမ္မာရုံ၌ အနုမောဒနာတရား၊ ၂၄ ရက်နှင့် ၂၅ရက် ညတို့တွင် ဓနုဖြူမြို့နယ် ဖန်ခါးကွင်းကျောင်း သက်တော်ရှည်ဆရာတော်၏ ဝိဇာတမင်္ဂလာအကြိုတရားပွဲ၊ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက် ညတို့တွင် ပျော်ဘွယ်မြို့နယ် ဇီးတောရွာ ဦးကျော်မြင့်-ဒေါ်တင်မြင့် မိသားစုတို့၏ ဘုရားပွဲအကြို အထူးတရားပွဲ၊ ၃ ရက် နံနက်တွင် ဗုဒ္ဓပူဇနိယပွဲ၊ ၁၀ ရက်ညတွင် မြောက်ဥက္ကလာပ ဝေဘာဂီမြို့သစ် (၇)ရပ်ကွက် ဓမ္မာရုံ အထူးတရားပွဲများတွင် တရားတော်များ ဟောကြားမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

## မြန်မာ-ပီဂျီအေနှင့် အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ကျင်းပရာ Professional Golfer ပြိုင်ပွဲတွင် နိုင်နိုင်လင်းက ဗိုလ်စွဲပြီး Amateur Golfer ပြိုင်ပွဲတွင် ဘိုဘိုက ဗိုလ်စွဲ သွားသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနား ကိုကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီး ရိုက်အဖွဲ့ချုပ်အမှုဆောင် ဦးရွှေထွန်းလှိုင်က အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ နေ့အလိုက် အကောင်းဆုံးရိုက်ချက် (Daily Best)ဆုရရှိကြသူများအား လည်းကောင်း၊ Professional Golfers ပြိုင်ပွဲ၌ နေ့အလိုက် အကောင်းဆုံး ရိုက်ချက် (Daily Best) ဆုရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Hanthawaddy Golf and Country Club ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး လေးမြင့်(ငြိမ်း)က အမျိုးသမီးအပျော်တမ်း Handi Cap Division(အကျော့ပေး) ပြိုင်ပွဲတွင် Nett Total ၂၁၆ချက်ဖြင့် ပထမရရှိသော So Hyun Cho၊ Nett Total ၂၂၂ချက်ဖြင့် ဒုတိယ ရရှိသော မြင့်မြင့်သိန်း(သစ်တော) နှင့် Nett Total ၂၂၈ချက်ဖြင့် တတိယ ရရှိသော Lee Hyun Jin တို့အား လည်းကောင်း၊ အကျော့မဲ့ပြိုင်ပွဲတွင် Gross Total ၂၃၀ ဖြင့် ပထမရရှိသော Miss You Na Park အား လည်းကောင်းဆုများကို ပေးအပ် ချီးမြှင့်ပြီး ပြိုင်ပွဲဝင် အပျော်တမ်း အမျိုးသမီး အားကစားသမားများ အား အမှတ်တရလက်ဆောင်များကို လည်း ပေးအပ်သည်။

ယင်းနောက် Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အမျိုးသား အပျော်တမ်း ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၂ချက်ဖြင့် ဗိုလ်စွဲသွားသော ဘိုဘို၊ စုစုပေါင်းရိုက်ချက် ၂၉၉ချက်ဖြင့် ဒုတိယရရှိသော ကျော်သီဟနှင့် စုစုပေါင်း ရိုက်ချက် ၂၉၉ ချက်ဖြင့် တတိယရရှိသော အောင်ဝင်း(မုံရွာ)တို့ အားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၃ဖြင့် ပထမရရှိသော နိုင်နိုင်လင်း K.M Golf Centre၊ စုစုပေါင်း ရိုက်ချက် ၂၈၈ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့် K.M Golf Centre နှင့်စုစုပေါင်းရိုက်ချက် ၂၉၀ဖြင့် တတိယရရှိသော စိုးကျော်နိုင် Srixon တို့အား ဆုများ ပေးအပ် ချီးမြှင့်ပြီး Hanthawaddy Golf and Country Club အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ယင်းဂေါက်ကလပ်၏ ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့် (ငြိမ်း)က လက်ခံသည်။

ယင်းနောက် MPGA နှင့် MGF ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းပြိုင်ပွဲတွင် Air Bagan, Eden Group Co., Ltd, Grand Royal Special Reserve, Srixon, K.M Golf Centre, Point Golf Gear Factory, Yamato Golf Shop, Imperial Jade Purified Drinking Water, Golf World Trophy and Golf Accessories, Hanthawaddy Golf and Country Club တို့ကလည်း အသီးသီး ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**၂၀၀၇ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအပြီးတွင် MPGA နှင့် MGFဥက္ကဋ္ဌနှင့်အတူ ဆုရဂေါက်သီး ရိုက် အားကစားသမားများအား တွေ့ရစဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

**၂၀၀၆ခုနှစ်ပထမအကြိမ်ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက်က ကျင်းပရာ အမျိုးသမီး အသက်(၁၂)နှစ်အထက် လုံရှည်ပြိုင်ပွဲပထမဆုရရှိသော မသန့်စူစန် (စစ်ကိုင်းတိုင်း)အား မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်နိုင်ဆုချီးမြှင့်စဉ်။** (အဖွဲ့ချုပ်)

## အင်တာနက်အားကစားသတင်းများ

## ဘာရာဇီးအသင်း၏ ယခုနှစ်ပထမဆုံးပွဲ ပေါ်တူဂီနှင့် ယှဉ်ပြိုင်ကစားမည်

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၅**

ဘာရာဇီးလက်ရွေးစင်အသင်းသည် ၂၀၀၇ခုနှစ်အတွင်း ပထမဆုံးသော ပွဲအဖြစ် ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ဘာရာဇီးဘောလုံး အဖွဲ့ချုပ်(စီဘီအက်ဖ်)က ကြာသပတေးနေ့တွင် အတည်ပြုပြောကြားသည်။

ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲကို ဖေဖော်ဝါရီ ၆ရက်တွင် သတ်မှတ်ထားကြောင်း စီဘီအက်ဖ်က ပြောကြားသော်လည်း နေရာအတိအကျ ကိုမူမသိရပေ။ သို့ရာတွင် ဘောလုံးပွဲကို လန်ဒန်တွင်ကျင်းပဖွယ်ရှိသည်။

ဘာရာဇီးနှင့် ပေါ်တူဂီအသင်းတို့သည် ၂၀၀၃ခုနှစ် မတ်လက နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ၌ အိမ်ရှင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ***အင်တာနက်။***

**ဖူလ်ဟမ်အသင်း၏ အသင်းခေါင်းဆောင် အဖြစ် လူးဝစ်ဘိုအာမော်တီ** (ယာ) **အား ဒီဇင်ဘာ ၉ရက်က ကျင်းပခဲ့သည့် ပရီမီယာ လိဂ်ဘောလုံး ပြိုင်ပွဲတွင် လီဗာပူးအသင်းမှဂျာမိန်း ပန်းနန့် နှင့် အတူ တွေ့ရစဉ်။** (ဓာတ်ပုံ အင်တာနက်)

## ဖူလ်ဟမ်အသင်းခေါင်းဆောင် ဝက်စ်ဟမ်းအသင်းသို့ရောက်ရှိ

**လန်ဒန် ဇန်နဝါရီ ၅**

ဝက်စ်ဟမ်းယူနိုက်တက်အသင်းသည် ဖူလ်ဟမ်အသင်း၏ အသင်းခေါင်းဆောင် လူးဝစ်ဘိုအာမော်တီအား ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ပေါ်တူဂီလူမျိုးတစ်ဦးလည်းဖြစ်သူ ဘိုအာမော်တီ အားခေါ်ယူရန် သုံးနှစ်ခွဲသက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုး လိုက်သည်။

ဘိုအာမော်တီအား အသင်းပြောင်းရွှေ့ကြေးမည်မျှဖြင့် ခေါ်ယူသည်ကို ဝက်စ်ဟမ်းအသင်းက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ပေါင်ငွေ ငါးသန်း ရှိမည်ဟု ယူဆရသည်။

ဘိုအာမော်တီသည် အင်္ဂလန်ဘောလုံးလောကတွင် ၎င်း၏ ဘောလုံး သမားဘဝကို အာဆင်နယ်အသင်းမှ စတင်ခဲ့သည်။ ယင်းနောက်တွင် ဆောက်သမ်တမ်အသင်းသို့ ရောက်ရှိလာခဲ့ပြီး ၂၀၀၀ပြည့်နှစ် နွေရာသီတွင် အငှားချ စာချုပ်အရ ဖူလ်ဟမ်အသင်းသို့ ဆက်လက်ရွှေ့ပြောင်းခဲ့သည်။***အင်တာနက်***

## ခရစ္စမော်ဂန်အား ပွဲပယ်ပြစ်ဒဏ်ချမှတ်

**လန်ဒန် ဇန်နဝါရီ ၅**

ရှက်ဖီးလ်ယူနိုက်တက်အသင်း၏ နောက်တန်းလူ ခရစ္စမော်ဂန်အား အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ပွဲသုံးပွဲတွင် ပါဝင်ကစားခွင့် ပိတ်ပင်လိုက်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

### ကြမ်းကြမ်းတမ်းတမ်းပြုမူ

ခရစ္စမော်ဂန်သည် ဒီဇင်ဘာ ၃၀ ရက်က ဘရာမောလိန်းကွင်းတွင် ကျင်းပသည့်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီအား ကြမ်းကြမ်းတမ်းတမ်းပြုမူခဲ့သည်ဟု အက်ဖ်အေက စွဲချက်တင်ခဲ့သည်။ ယင်းပွဲတွင် ရှက်ဖီးလ်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယှဉ်ပြိုင်ကစားပုံ ဗီဒီယိုမှတ်တမ်းအရ မော်ဂန်သည်ဗန်ပါစီ၏ ရင်ဘတ်ကို လက်သီးဖြင့်ထိုးခဲ့ကြောင်း တွေ့ရသည်။

မော်ဂန်သည် ပွဲပယ်ပြစ်ဒဏ်စီရင်ချက်အရ အက်ဖ်အေဖလား ဘောလုံး ပွဲတစ်ပွဲနှင့် ပရီမီယာလိဂ် ဘောလုံးပွဲနှစ်ပွဲတွင် ပါဝင်ကစားခွင့်ရမည် မဟုတ်ပေ။ ***အင်တာနက်***

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

**မြို့ကွက်သစ်**

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချ မည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**အဆင့်မြင့်ဈေး**

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန် တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

**ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ**

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ် ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

**စည်းကမ်းချက်များ**

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရား ဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ် စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

**စုံစမ်းရန် ဖုန်းနံပါတ်များ။** ၀၆၇၄၀၈၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

# ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးနိုင်ရန် စက်များကြံ့ခိုင်ရေး အလေးထားဆောင်ရွက်စေလို ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သာကေတစက်ရုံ စက်အစိတ်အပိုင်းများ လဲလှယ်မှုကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် သာကေတစက်ရုံ သို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပို့လွှတ်သွယ်တန်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၅

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတစက်ရုံ စက်များ စက်စွမ်းအား အပြည့်အဝ လည်ပတ်နိုင်ရန် စက်အစိတ်အပိုင်း အမျိုးမျိုး အသစ် လဲလှယ်မှုကို သွားရောက်စစ်ဆေးရာ ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် သာကေတ စက်ရုံမှူး ဦးထွန်းလှိုင်တို့က သာကေတစက်ရုံ၌ အသစ်လဲလှယ် မည့် Filter များ၊ Fuel Nozzle များ၊ Combustion Liner နှင့် Cross Fire Tube တို့ကို ရှင်းလင်းပြသသည်။**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံကို စက်စွမ်းအားအပြည့်အဝ လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့် စက်အစိတ်အပိုင်းအမျိုးမျိုးနှင့် အရည်အသွေးကို ကြည့်ရှုစစ်ဆေး ပြီး စက်ပစ္စည်းများကို လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ကြံ့ခိုင်မှု ပြုလုပ်နေမှုကိုလည်းကောင်း၊ FILTER အဟောင်းများနှင့် လဲလှယ် မည့် FILTER များ စက်ရုံအတွက် ရောက်ရှိနေမှုကိုလည်းကောင်း၊ အမှတ်(၃)စက်ကို စက်အစိတ်အပိုင်းများ အသစ်လဲလှယ်နိုင်ရန် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ စက်ကြံ့ခိုင်ရေး ဆောင်ရွက်နေမှု တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ပြည်သူများသို့ လျှပ်စစ် ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် စက်များ၏ကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ စက်စွမ်းအားပြည့် လည်ပတ် နိုင်ရန်အတွက် ကျွမ်းကျင်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ပြီး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် ကွေ့မဠ္ဌ တည်ရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့် စခန်းသို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး) ဦးကြီးမြင့်နှင့် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးညွန့်တို့က မိမိတို့ဌာနက သဘာဝ ဓာတ်ငွေ့ လက်ခံဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် သာကေတ စက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပို့လွှတ်သွယ်တန်းထားရှိမှု တို့ကို လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့ ပိုမို ရရှိပြီး စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

**ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက်ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

**(သတင်းစဉ်)**

# ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက်ဆက်သွယ်ဖွင့်လှစ်ပွဲ ကျင်းပ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများ ဖြစ်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက် ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်း ခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဆောင်ရွက်ပြီးစီး ခဲ့သော သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက်ဆက်သွယ်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။**

ရှေးဦးစွာ မင်္ဂလာအချိန်ကျရောက်သည်နှင့် သဃ်န်းကျွန်း မြို့နယ် (ခ)ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် ပြည်တော်သာ လမ်းဆုံ မင်္ဂလာလမ်းမုခ်ဦးရှေ့၌ ငမိုးရိပ်ဂျိုးဖြူ မင်္ဂလာရေပိုက် ဖွင့်ပွဲကို ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် ရပ်ကွက် ရေသွယ်ယူရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်နှင့် **စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳**

**ယနေ့မိုးလေဝသ**

**၆-၁-၂၀၀၇**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**